ဗုဒ္ဓသာသနဘာရော အဝသံ ဝဟိတဗ္ဗော

"ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။"

# သာထွန်းပြန်

၁၃၇၇ ခုနှစ်၊ တပို့တွဲ - တပေါင်း၊ ၂၀၁၆ ခုနှစ်၊ မတ်လ ၊ အတွဲ (၂၁)၊ အမှတ် (၇)

ဓမ္မစာစောင်



## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# သာထွန်းပြန့် ဓမ္မစာစောင်

ဗုဒ္ဓသာသနာ [illegible]

ငါသည် ဗုဒ္ဓသာသနာတော်ကို [illegible]

အတွဲ (၂၁)၊ အမှတ် (၇)၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲ - တပေါင်း၊
၂၀၁၆ ခုနှစ်၊ မတ်လ


## မာတိကာ


၄ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

၅ မျက်နှာဖုံးပုံရိပ်
"တပေါင်းလ"

၇ စာတည်းအာဘော်
"ဆုတ်ကပ်ကာလမှာ ဓမ္မလေ့ကို စီးနိုင်အောင် ကြိုးစားပါ"

၉ ထေ/ဩဥက္ကဋ္ဌဆရာတော်၏ ဩဝါဒကထာ

၁၅ အမြဲတမ်းအတွင်းဝန်လျှောက်ထားလွှာ

၂၀ သူ့အလုပ်ကိုယ့်အလုပ်
မောင်မောင် - လည်ဝေါက်ရွာ

၂၁ သုခအိမ် ဖျာပုံ - တင်နိုင်ဝင်း

၂၂ နမကို ဓမ္မပြခြင်း မုံရွာ - နေဇာ



**နာယကကြီးများ**

ဦးစိုးဝင်း (ပြည်ထောင်စုဝန်ကြီး)
သာသနာရေးဝန်ကြီးဌာန

ဦးခိုင်အောင် (အမြဲတမ်းအတွင်းဝန်)
တာဝန်ခံညွှန်ကြားရေးမှူးချုပ်၊
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

**စာတည်းချုပ်**

စိုးမင်းထွန်း

**တာဝန်ခံစာတည်း**

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

**[illegible]**

ဦးကြည်မြင့် (သာသနဓဇ ဓမ္မာစရိယ)

**ထုတ်ဝေသူ**

ဦးစိုးမင်းထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ် - ၀၁၃၆၇

၂၃ မိလိန္ဒပဉှ

၂၄ ခင်ပွန်းကြီးဆယ်ပါး အဂ္ဂမဟာပဏ္ဍိတ အရှင်ကုမာရ

၂၇ သဗ္ဗမင်္ဂလာဂါထာတော်
နိုင်ကြည်မြင့် (သာသနဓဇ ဓမ္မာစရိယ)

၃၀ လူမိုက်နှင့်လူလိမ္မာ ခွဲခြားသိမြင်ပေါင်းသင်းရေး
မောင်နီး - ရွှေဖုမ်

၃၃ မြင့်သောနေရာ၊ မြတ်သောအကျင့် ကိုအေးမင်း - ပဲခူး

၃၇ နာဂတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအကြောင်း
ရဲဝင်း - သထပ (ခန္တီး)

၄၁ မှသားသစ္စာ ကြောက်စရာ
ဇာတ်လမ်း - တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ - ဘီအေ)
ပန်းချီ - တင်ထွန်းထွန်း

၄၉ ဓမ္မစကူး ကျောင်းတော်များနှင့် ရင်သွေးငယ်တို့၏
အနာဂတ် ဘိက္ခုဒဿန (ညောင်တုန်း)

၅၄ ရင်နစ်သည်းခြာ အလိမ္မာကဏ္ဍ ဖူးပွင့်ဝေ

၅၇ မြန်မာနိုင်ငံရိုးရာ ပါဠိစာပေသင်ကြားရေး
ဦးအောင်သိန်းညွန့်

Traditional Pali Studies in Myanmar
**Trans: by U Aung Thein Nyunt**

၆၀ ပြည်တွင်းသာသနာရေးသတင်းမှတ်တမ်း လမင်း





**သာသနာ့ရောင်ပြန့် စာမူစီစဉ်ရေးအဖွဲ့**

ဒေါ်စိုးမိုးသူ (ဦးစီးအရာရှိ)
ဒေါ်ဝင်းမာ (ဦးစီးမှူး)
ဒေါ်ဝင်းကြည်
ဇေယျာလှိုင်မင်း (သထပ - ကွန်ပျူတာ)

**ပုံနှိပ်သူ**

ဦးသန့်စင်ထွန်း (မြ - ၀၁၁၀၄)
ရွှေပြည့်စုံ ပုံနှိပ်တိုက်
အမှတ် (၃၄)၊ ၁၅၇ လမ်း၊ တာမွေ။



# မဟာဂန္ဓာရုံ ဆရာတော်ကြီး ၏ ဩဝါဒကထာ

အခုသာသနာတော်ကြီး ကျဆင်းလာတယ်လို့ ပြောနေကြတယ်။

ဘာလို့ကျဆင်းလာတာလဲလို့ အကြောင်းရင်းကို ရှာဖို့လိုတယ်။

ဒီလို အကောင်းစားတွေနဲ့ ဇိမ်ခံပစ္စည်းတွေနဲ့ နေလာကြလို့၊ အကျင့်သိက္ခာကိုကျပေဘာ့ ပြည့်ဝအောင် မကျင့်သုံးဘဲ လျော့ရဲရဲဖြစ်လာကြလို့... ဒါတွေဟာ အကြောင်းရင်းတွေပေါ့။

ဘုရားအဆုံးအမအတိုင်း ကျင့်ကြရင် အပိုမဟုတ်ဘူး။ ဒီသာသနာ ဒီနိုင်ငံမှာ လိုကိုလိုအပ်တယ်။ သာသနာလည်း ပြုရာရောက်တယ်။ နိုင်ငံအတွက်လည်း အကျိုးများတယ်၊ ဘုရားက လူသားတွေအတွက် ပွင့်လာတာ မဟုတ်လား ...။

# တပေါင်းလ

တပေါင်းလသည် ဆောင်းအကုန် နွေအကူးလဖြစ်သည်။ ဆောင်း၏ သဘာဝမကုန်သေးသောကြောင့် ညအခါ၌ အေးသည်။ နွေ၏သဘာဝကလည်း ထင်ရှားပြလာပြီး နေ့ခင်း၌ အလွန်ပူပြင်းသည်။ ဤသည်ကိုရည်၍ "နေ့ပူလို့ ညချမ်း၊ တပေါင်းလသရမ်း" ဟု ဆိုစမှတ်ပြုခဲ့သည်။

ကဗျာစာဆိုတို့က တပေါင်းလသည် သာယာလှသည်။ တပေါင်းလကုန် ဥတုကို သက္ကတ၌ ရိကုရာဇာရတုခေါ် ဥတုရာသီတကာတို့တွင် ဘုရင်ဖြစ်သည်။ ဤစကားကို ထောက်၍ "တပေါင်းသာခေါင်လများနောင်" ဟု ဂုဏ်ပြုခဲ့ကြသည်။

တပေါင်းလသည် လယ်ယာလုပ်ငန်းပြီးစီး၍ လယ်သမားတို့အားရှိန်နားယူချိန်ဖြစ်သည်။ မြန်မာနိုင်ငံရှိပြည်သူတို့သည် ဤလ ဤအခါ ဤရာသီတွင် မြန်မာပြည်အရပ်ရပ်သို့ လှည့်လည်၍ဘုရားဖူးလေ့ရှိသည်။

ဘုရားရှင်၏ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် သားတော်ဘုရားအား ဖူးတွေ့လိုသော ဆန္ဒပြင်းပြလှသဖြင့် အမတ်တစ်ဦးနှင့် နောက်ပါ ၁၀၀၀-စေလွှတ်ပင့်စေခဲ့သည်။ အမတ်နှင့် နောက်ပါတို့သည် ဘုရားရှင်တရားကိုနာရပြီး အားလုံးရဟန်းဝတ်ကြကာ ရဟန္တာဖြစ်ကုန်ကြသည်။

နောက်ဆုံး ဆယ်ကြိမ်မြောက်တွင် ဖွားဖက်တော် ကာဠုဒါယီအမတ်ကို ရဟန်းပြုလိုက ခွင့်ပေးပါသည်။ သားဘုရားကို ရွှေနန်းတော်အရောက်ပင့်ခဲ့ပါဟု ကတိစကားဖြင့် နောက်ပါလူ ၁၀၀၀ နှင့်စေလွှတ်ခဲ့သည်။ ကာဠုဒါယီအမတ်လည်း တရားနာရပြီး ရဟန္တာဖြစ်သွားသည်။ သို့သော် ကာဠုဒါယီအမတ်သည် ကတိအတိုင်းပင် ဂါထာ(၆၀)ဖြင့် လမ်းခရီးသာယာပုံ၊ တောတောင်ရေမြေသဘာဝအလှတို့ တပေါင်းလ၌ ဖြစ်ပေါ်နေပုံကိုလျှောက်ထားပြီး ဘုရားရှင်

အား ကပိလဝတ်နေပြည်တော်သို့ ကြွရောက်ရန် အချိန်တန်ပြီဖြစ်ပါကြောင်း လျှောက်တင်လေသည်။

ကာဠုဒါယီ၏ လျှောက်တင်ချက်ကို ဘုရားရှင်ကလက်ခံခွင့်ပြုတော်မူပြီးနောက်ပါ သံဃာတော်ရှစ်သောင်းခြံရံလျက် ရာဇဂြိုလ်ပြည်မှ ကပိလဝတ်ထိ ယူဇနာ(၆၀)ခရီးကို တစ်နေ့တစ်ယူဇနာနှုန်းဖြင့် သက်တောင့်သက်သာနှစ်လကြာမျှ ကြွတော်မူခဲ့သဖြင့် ဤတပေါင်းလပြည့်နေ့တွင် ကပိလဝတ်နေပြည်တော်သို့ ရောက်တော်မူသည်။ ဤကိုရည်ရွယ်၍ မြတ်ဗုဒ္ဓပြည်တော်ဝင်နေ့ဟု ကျင်းပကြသည်။ ဘုရားရှင်အား ကြိုဆိုပွဲတော်ကြီးတွင် ဘုရားရှင်ထက်အသက်ကြီးသော ဆွေတော်မျိုးတော်သာကီဝင်မင်းအပေါင်းတို့သည် ရှိမခိုးဘဲ မာနနှင့်နေကြသည်ကို ချိုးနှိမ်တော်မူလိုသဖြင့် ရေမီးအစုံတန်ခိုးပြာဋိဟာပြတော်မူသည်။ ထိုအခါ ဆွေတော်မျိုးတော်တို့သည် မာနကျိုး၍ ရှိခိုးကြသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်၏ တောင်းပန်မှုကြောင့် ဗုဒ္ဓဝင်တရားတော်ကြီးကို ဟောတော်မူခဲ့သည်။

ထို့နောက် နိဂြောဓာရုံကျောင်းတော်ကြီးကို အလှူခံတော်မူသည်။ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးနှင့် မိထွေးတော်ဂေါတမီတို့အား အရိယာဘဝသို့ ပို့ဆောင်တော်မူပြီး ညီတော် နန္ဒာကိုရဟန်းပြုပေးတော်မူသည်။ အမွေတောင်းလာသော သားတော်ရာဟုလာကိုလည်း ရှင်ပြုပေးတော်မူသည်။ ဘုရားရှင်ကပိလဝတ်သို့ ကြွတော်မူသည်ကိုရည်ရွယ်၍ စေတီပုထိုးအမျိုးမျိုးကိုတည်ထားကိုးကွယ်ခဲ့ကြသည်။ ရှေးဘုရားရှင်တို့လက်ထက်၌လည်း တပေါင်းလတွင် သဲပုံစေတီတည်ထားကိုးကွယ်ခဲ့ကြရာမှ သဲပုံစေတီပွဲသည် တပေါင်းလ၏ အထိမ်းအမှတ်ပွဲတော်ဖြစ်ကြောင်း သည်တစ်ပတ်၏မျက်နှာဖုံးပုံရိပ်အဖြစ် တင်ပြလိုက်ရပါသည်။

# ဆုတ်ကပ်ကာလမှာ ဓမ္မလျှော့ကို စီးနိုင်အောင် ကြိုးစားပါ

ကလိယုဂ်ဆုတ်ကပ်ကာလတွင် သူယုတ်မာက ၇၅% ရာခိုင်နှုန်း၊ သူတော်ကောင်းက ၂၅% ရာခိုင်နှုန်းရှိသည်ဟု ဆိုပါသည်၊ ထိုကာလဝယ် ဗေဒင်တို့၏အယူအဆအရ ဘုရားစေတီများ၌ ဂြိုဟ်ကြီး(၈)လုံးထားကြသည်။ ထိုဂြိုဟ်ကြီး(၈)လုံးတွင် မကောင်းသော ပါပဂြိုဟ်က (၄)လုံးကောင်းသော သောမဂြိုဟ်က (၄)လုံး ဟူ၍ရှိရာ ဤပါပဂြိုဟ် သောမဂြိုဟ်တို့သည် လောကဓံတရားအရ သဘာဝတရားမှ ဖြစ်ပေါ်လာသည်ဟု ဆိုကြပါသည်။

ကလိယုဂ် စေတီသက်တမ်းကာလရှည်ကြီးမှာ ပါပဓာတ်နှင့်ထပ်မံကြုံကြပါက တစ်ပူ ပေါ်နှစ်ပူဆင့် ဖူးလေးရာ ဖရုံဆင့်ဆိုသကဲ့သို့ တစ်ပေါ်တစ်ထပ်ဆင့်ဖို့သာရှိကြပါသည်၊ ဤ ဆုတ်ကပ်ကာလနှင့် ပါပအချိန် တိုက်ဆိုင်ရောက်လေသော်-

- လူသားတို့၏အကျင့်စာရိတ္တများ ဖေါက်ပြန်ကြခြင်း၊
- သီလ စောင့်ထိန်းသူများ နည်းပါးလာခြင်း၊
- အသိအလိမ္မာဉာဏ် သုတအလင်းမရသူများပေါ်များလာခြင်း၊
- ကာယကံ သောင်းကျန်းမှု၊ ဝစီကံ သောင်းကျန်းမှု၊ မနောကံ သောင်းကျန်းမှုတို့သည် အဝိဇ္ဇာအမှောင်နက်က နက်သလောက်ဆိုးရွားမှောက်မှားလာကြလေ့ရှိသည်။

ထို့အတွက် ဤဆုတ်ကပ်ကာလဝယ် ဗုဒ္ဓသာသနာတော်မြတ်ကြီးနှင့် တွေ့ဆုံနေရပါသေး၍ မိမိတို့သည် မိမိတို့ကိုယ်မိမိ ကောင်းအောင်ပြုလုပ်ဆောက်တည်ကြ၍ သာသနာတော် ကြီးတည်တံ့ကြ၍ သာသနာတော်ကြီးတည်တံ့-ပြန့်ပွား-ထွန်းကားအောင် ပြုလုပ်ထိန်းသိမ်း ကြဖို့လိုပါသည်။

သူတော်ကောင်း၊ သူယုတ်မာ အနည်းအများရှိရာတွင် သူတော်ကောင်း သူယုတ်မာ ဟူသည် မွေးကတည်းက နဖူးထိပ်စာကပ်၍ ပါလာသည်က မဟုတ်ပါ။ မိမိတို့၏ သတိနှင့် သိနိုင်လောက်သော ပညာ, ဝိဇ္ဇာ, ဉာဏ်ပေါ်၌သာ မူတည်နေပါသည်။

မိမိတို့ကိုယ်မိမိ အသိဉာဏ်ပညာရှိ၊ ကောင်းစွာသတိရှေ့ဆောင်ပြီး ကျင့်ကြံကြသလို သူတစ်ပါးတို့ကိုလည်း အတတ်နိုင်ဆုံး ကောင်းကောင်းဆွဲဆောင် ကယ်တင်လမ်းညွှန်မှု ပေးနိုင်ရန် လိုအပ်လှပါသည်။

မကောင်းကိုမကောင်းဟု ပစ်ပယ်ထားပါက ကောင်းစရာဖြစ်မလာ ဆိုးစရာသာ ဖြစ်လာမှုများလာပါမည်။ အကောင်းများလာအောင် ရှေ့ဆောင်လမ်းပြပြုကြကာ ဗုဒ္ဓ၏ အဆုံးအမကို လိုက်နာစေသော စွမ်းဆောင်ရှင် သာသနပြုပုဂ္ဂိုလ်များ များစွာပေါ်လာရန် လိုအပ်နေပါသည်။

ဆိုးရာမှ ကောင်းအောင်- ကောင်းရာမှ ညွန့်အောင် သီးပွင့်လာအောင် ဆောင်ရွက်ကြ ရမည်မှာ သာသနာပြုပုဂ္ဂိုလ်တို့၏ တာဝန်ဖြစ်ပါသည်။ မည်သူတရားပျက်ပျက် ကိုယ်တရား မပျက်နှင့် ဆိုသည်ကို လူတိုင်းသိရှိလိုက်နာလာပါလျှင် လောကလူသားတို့ချမ်းသာပြီး ကပ်ဘေး အမျိုးမျိုးမှ ကင်းဝေးကြပါမည်။

သူတော်မှ ငါကောင်းမည်ဆိုတာမျိုး မဖြစ်စေရပါ၊ သူကောင်းအောင် ငါကောင်းမည် ဆိုပါမှ သူတော်ကောင်းဖြစ်ပါမည်၊ ကလိယုဂ်ဆုတ်ကပ်နှင့် ကြုံရသော်လည်း မိမိ၏ စိတ်ဓာတ်က မဆုတ်ယုတ်ဖို့ အရေးကြီးပါသည်။ ကောင်းသူ ၂၅%ရာခိုင်နှုန်းတွင် ကိုယ်ပါပြီး အခြားသူများကိုယ်နှင့်အတူပါလာအောင် ကြိုးစားဆောင်ရွက်သာသနာပြုကြရပါမည်၊ လူတော် လူကောင်း လူလိမ္မာကလေးတွေပေါ်ထွက်လာအောင် သာသနာပြုယဉ်ကျေးမှုသင်တန်းများကို နေရာတိုင်း ဓမ္မာရုံတိုင်း ကျောင်းတိုင်းဖွင့်ပေးရန်လိုပါသည်။

ကလိယုဂ်ဆုတ်ကပ်ကာလတွင် ဒါန, သီလ, သမာဓိ, ပညာအားများ အားနည်းလာ ပါသည်။ ဆုတ်ယုတ်လာပါသည်၊ သီလကောင်းနှင့်မကောင်းသီလကို ဆင်ခြင်နိုင်ပါလျှင် ဆုတ်ကပ်စုန်ရေမှ ဆန်တက်နိုင်ပါမည်။ မေတ္တာ၊ စေတနာ ထားတတ်ကြလျှင် ဆန်တက်ပါမည်၊ လောကလူသားတို့သက်တမ်းရှည်သက်တမ်းတိုဖြစ်မှုဟူသော တက်ကပ်၊ ဆုတ်ကပ်ဖြစ်မှု သည် မေတ္တာ၊ ကရုဏာဟူသော ဗြဟ္မစိုရ်တရားအားနည်းလာမှုများကြောင့် ဖြစ်ပါသည်။ ထိုတရားများမွေးနိုင်ပုံ အခြေခံသည် သီလ, သမာဓိများဖြစ်ပါသည်။

ထို့ကြောင့် အကျင့်စာရိတ္တသီလ ဖေါက်ပြန်ဖျက်ဆီးမှုတွေ များလာနေသော ဆုတ်ကပ် ကာလအချိန်ဝယ် လူသားတို့တဝ ကပ်သုံးပါးမှ ကင်းဝေးနိုင်ရန် သက်ရှည်ကျန်းမာစွာ လူ့ဘဝကို တန်ဖိုးရှိရှိနေသွားနိုင်ရန် လူသားတိုင်းသည် သီလ၊ သမာဓိ၊ ပညာဟူသော တက်ကပ် ဓမ္မလှေကို စီးနိုင်ကြစေရန် စီးနိုင်ဘို့အသိ ရှိကြရန် အလေးအနက်တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။

အယ်ဒီတာ

## ၁၃၇၇-ခု၊ နယုန်တော်လပြည့်ကျော် (၁) ရက်၊ ၂၀၁၅-ခုနှစ်၊ ဇွန်လ ၂၇-ရက်၊ တနင်္ဂနွေနေ့ နေ့လည် (၂) နာရီ အချိန်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမတွင် ထေရဝါဒ ဩပါဒါဓိရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုမာရ မိန့်ကြားသော ဩဝါဒကထာ

ယနေ့ကြွရောက်တော်မူလာကြတဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်၊ သင်ကြားစီမံဆရာတော်၊ ထေရဝါဒဩဝါဒါစရိယ ဆရာတော်များ၊ နယ်စပ်နှင့်ဟောင်တန်းဒေသကို သာသနာပြုသွားကြမည့် သာသနာပြုရဟန်းတော် အရှင်မြတ်များ၊ သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်နှင့်တကွ သာသနာရေးဆိုင်ရာ ဒကာ/ဒကာမများ၊ သာသနာတော်ကို ချီးမြှောက်ထောက်ပံ့ခဲ့ကြသော သာသနာ့နုဂ္ဂဟ သာသန ဒါယကာ၊ သာသန မာမကများ ဖြစ်ကြသော အလှူရှင်/အလှူ့အမများအားလုံး စုံစုံညီညီတွေ့ဆုံရတဲ့အတွက် ဘုန်းကြီးအနေနဲ့ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း နှုတ်ခွန်းဆက် စကားမိန့်ကြားအပ်ပါတယ်။

တပည့်တော်တို့ ဘွဲ့ရတဲ့ သံဃာတော်အရှင်မြတ်တွေမှာ သာသနဓဇ ဓမ္မာစရိယ၊ သကျသီဟ ဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ အစရှိသဖြင့် ဓမ္မာစရိယဘွဲ့တွေရရှိကြပါတယ်။ အရှင်ဘုရားတို့ကြတော့ အဲဒီလိုမဟုတ်ပဲနဲ့ တက္ကသီလဓမ္မာစရိယဆိုပြီး တက္ကသီလပိုလာပါတယ်။ အဲ့ဒီ တက္ကသီလက ဘယ်လောက်အရေးကြီးလဲ ဆိုတာကို တပည့်တော် ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဓမ္မာစရိယထဲမှာ ရိုးရိုး ဓမ္မာစရိယမဟုတ်ဘူး။ တက္ကသီလဓမ္မာစရိယက ရန်ကုန်နှင့်မန္တလေးမှာပဲ ဖွင့်ပေးထားတာ။ တက္ကသီလမှာ တက္ကဆိုတာ နိုင်ငံခြားမှာတော့ Logic(လောဂျစ်)ခေါ်တာ။ ဆိုကရေးတီးက စတင်ခဲ့ပြီး အရစ္စတိုတယ်က စည်းကမ်းမူစနစ်ချကာ Logicကျမ်းဆိုပြီး နိုင်ငံခြားတက္ကသိုလ်တွေမှာ သင်ပါတယ်။ ဒါကို မြန်မာနိုင်ငံရန်ကုန်တက္ကသိုလ်မှာ သင်တဲ့အခါ ရခိုင်ပါမောက္ခတစ်ယောက်က တက္ကနီယ နယ ဒီပနီလို့ ဘာသာပြန်ပါတယ်။ နောက် အင်္ဂလိပ်ပါမောက္ခရောက်လာတော့ တက္ကဗေဒလို့ ဘာသာပြန်ပါတယ်။ ယခုအခါ ဒဿနိကဗေဒလို့ ခေါ်ပါတယ်။ တဖန် Philosophy - ဖီလိုဆိုဖီလို့လည်း ခေါ်ပြန်တယ်။ အရှင်ဘုရားတို့ ကျတော့ တက္ကသီလဓမ္မာစရိယ၊ Buddhism -ဗုဒ္ဓဝါဒလို့ တပ်ပြန်တယ်။ Buddhism is not Philosophy, but philosophy ဆိုပြန်လေတော့ ဒီအကြောင်းတွေကို ရှင်းပြ ပြောပြချင်ပါတယ်။

ဘာနဲ့ရှင်းပြရမလဲဆိုတော့ တစ်ခါတုန်းက စာကြီးပေကြီးနဲ့ ကိုးကားပြောပြပါ့မယ်။ အဲဒီ စာကြီးပေကြီးဆိုတာ သင်ပုန်းကြီးနဲ့ သဒ္ဒါကြီးဆိုပြီး ရိုးရာအနေနဲ့ ပြောခဲ့ပါတယ်။ အမှန်တော့ ဒါရိုးရာမဟုတ်ပါဘူး။ ဒီသဒ္ဒါကျမ်းကြီးကို အရှင်ဘုရားတို့အနေနဲ့ သဒ္ဒါလို့ပဲ မြင်မယ်။ အဲဒီ သဒ္ဒါကြီးကျမ်းက သဒ္ဒါတင်မဟုတ်ဘူး။ တက္ကဗေဒကျမ်းကြီးဖြစ်နေတယ် ဆိုတာကို တက္ကသိုလ်သဘောနဲ့ တပည့်တော် ရှင်းပြချင်ပါတယ်။ ပြီးတော့ ဆင်ဖြူရှင် မင်းတြားကြီးလက်ထက်မှာ မောင်သာနိုးကို အယူတော်မင်္ဂလာအမတ်ခန့်အပ်ခဲ့တယ်။ အယူတော် မင်္ဂလာအမတ်ဟာ လူမှုရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး။ စစ်ရေးတွေမှာ ဟောကိန်းအမျိုးမျိုး ထုတ်ပေးခဲ့တယ်။ အားလုံးမှန်ကန်ခဲ့တယ်။ အယူတော်မင်္ဂလာအမတ်ဟာ အဲဒီပညာတွေကို ဘယ်ဆရာဆီမှာ သင်ခဲ့တာလဲ? ဘယ်ကျမ်းတွေ လေ့လာခဲ့တာလဲ? အဲဒါကို တပည့်တော် အနှစ် ၂၀ လောက် ရှာဖွေလေ့လာခဲ့ပါတယ်။ ဗေဒင်ကျမ်းတွေဆိုရင် ခုနှစ် သက္ကရာဇ်မေး၊ နေ့နံမေးရတယ်။ အင်္ဂါဝိဇ္ဇာဆိုလျှင် အချိန် ၈-ပိုင်းခွဲပြီးတော့ တနင်္ဂနွေအချိန်၊ တနင်္လာအချိန် အစရှိသဖြင့် အချိန်ပိုင်း သတ်မှတ်တွက်ချက်ဟောရတယ်။ ဆန်းဗေဒင်ဆို ဂရု၊ လဟုတွေနဲ့ ဆန်းစစ်ပြီးတော့ ဟောရတယ်။ ယောမင်းကြီးရဲ့အဟောကျမ်းဆိုလျှင် နာမည်အက္ခရာတွေကို လဂ်တပ်ပြီးတော့ ဟောရတယ်။ မွေးသက္ကရာဇ် နေ့နံမသိသူတွေအတွက် ကောင်းပါတယ်။ လက်ရိုးကျမ်းဆိုရင် လဂ်တွေ၊ စန်းတွေ၊ ဂြိုဟ်တွေတပ်ပြီးတော့ ဂြိုဟ်ပူး၊ ဂြိုဟ်မြင်၊ ဂြိုဟ်ယှဉ်၊ ဂြိုဟ်စီး၊ ဂြိုဟ်နင်း၊ ယောဂယုဂ်၊ ဒသာ စသည်ဖြင့် ဟောရတယ်။ အယူတော် မင်္ဂလာ အမတ်ကြတော့ ဘာမှ မတွက်ပဲနဲ့ ဟောထားတယ်။ ဘာကြောင့်လဲလို့ လေ့လာဆန်းစစ်တဲ့ အခါမှာ သဒ္ဒါကျမ်းကို ဂမ္ဘီရဉာဏ်နဲ့ နိမိတ်ကောက်ပြီး ကျယ်ကျယ်ပြန့်ပြန့် နက်နက်နဲနဲ သုံးသပ် ဆုံးဖြတ်သွားနိုင်လို့ဖြစ်တယ်။

အဲဒီအကြောင်းကို တပည့်တော်ပြောမယ်ဆိုရင် တော်တော်ကျယ်ကျယ် ဝန်းဝန်းပြောရမှာ ဖြစ်တယ်။ မိန့်ခွန်းပြောရင် ရှည်လွန်းလို့ လူတွေက တော်တော်နားညည်းနေပုံပေါ်တယ်။ ဒါကြောင့် အကျယ်မချဲ့ချင်တော့ဘူး။ နောင်ကြုံတဲ့အခါမေးပါ။ တပည့်တော် သေသေချာချာ ရှင်းပြပါ့မယ်။ သဒ္ဒါကျမ်းကြီးဟာ အတွေးအခေါ်၊ ဒဿနတွေ ဖော်ပြတဲ့ တက္ကဗေဒကျမ်းကြီး လည်းဖြစ်တယ်။ နောက်တစ်ခုက သဒ္ဒါကျမ်းကြီးဟာ စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စစ်ရေးတွေနဲ့ ပတ်သက်လို့ ဟောကိန်းထုတ်ဖို့ နိမိတ်ကောက် ဟောနိုင်တဲ့ ကျမ်းကြီးလည်း

ဖြစ်တယ်ဆိုတာ ပြောပြပါရစေ။ အခုအချိန်မှာ "စကားဆို ချိုမှ၊ တရားဆို တိုမှ၊ မယားဆို ပျိုမှ" လို့ကြိုက်များကြတယ်။ ဒါကြောင့်မို့ ဩဝါဒကို တိုတိုပဲ ပြောပါ့မယ်။ ဒကာမကြီးတွေလည်း တရားသဘောအရတော့ ကွေးတဲ့လက် မဆန့်ခင်၊ ဆန့်တဲ့လက်မကွေးခင် သေနိုင်တယ်လို့ နှလုံးသွင်းရမယ်။ လောကသဘောစီးပွားရေး၊ ကြီးပွားရေးသဘောအရတော့ ဘယ်သောအခါမှာမှ မသေနိုင်ဘူးလို့ နှလုံးသွင်းရမယ်။ ဒါကြောင့် အသက်ကြီးလို့ ပျက်စီးနေပြီဆိုပြီး ပစ္စလက္ခတ် မနေပါနဲ့။ လှလှပပ ကျော့ကျော့မော့မော့ ပြုပြင်ပြီး ရှုချင်စဖွယ် နှနယ်ပျိုမြစ်အောင် ဆပ ၁တ် နေတတ်ရမယ်။ ဒါမှ ဒကာကြီးတွေ အဟောဝတ သဘောကျကြပါလိမ့်မယ်။ ဒီတော့ တိုတိုပြောရရင် အရှင်ဘုရားတို့လည်း ကြားဘူးမှာပေ့ါ။ ရှေးဟောင်းလူရွှင်တော်ကြီးတွေ ဖြစ်ကြတဲ့ ဓာတ်ဆီ ဓာတ်ဆန် ဘုန်းကြီးဝတ်သလိုပေါ့။ တစ်ယောက်က မေးတယ် 'ဘုန်းကြီးဝတ်မယ်ဆို သင်္ကန်းတောင်းရသလား?' တဲ့။ တစ်ယောက်က 'မရဘူးလို့'ဖြေတယ်။ အဲဒီအခါမှာ လိုက်ဆို ဆိုပြီးတော့ သင်္ကန်းတောင်းချပေးတယ်။ 'သကလ ဝဋ္ဋ'။ ဝတ်တတ်ကဲ့လား? ဝတ်တတ်တယ်။ ဝတ်တတ်ရင် ဝတ်တော့တဲ့။ အခုလည်း အရှင်ဘုရားတို့ နယ်စပ်နဲ့ တောင်တန်းဒေသ သာသနာပြုသွားတတ်သလား? သွားတတ်တယ်။ သွားတတ်လျှင် သွားတော့ဆိုပြီး ပြောလိုက်ရုံပဲ ရှိတော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဩဝါဒတွေ ပေးပြီး ဟိုရောက်တော့ မလုပ်သင့်တာတွေ လျှောက်လုပ်ကြတယ်။ ဒီတော့ 'ပြောသာပြော အမောသာ အဖတ် တင်"ဆိုတဲ့ စကားလို ဖြစ်နေတယ်။ ဒါပေမယ့် ဝတ္တရားရှိတော့ တပည့်တော်တို့က ဩဝါဒစကား မှာကြားရမှာပဲ။ မမှာရင်လည်း အရှင်ဘုရားတို့က မမှာလို့၊ မပြောလို့ ဖြစ်ဦးမယ်။ အဲဒီတော့ အရှင်ဘုရားတို့ အချက်(၄)ချက်ကို မှတ်ပြီးလိုက်ဆို...

"တာလေး-တာကို ကျော်
အိုင်(I)သုံး-အိုင်မှာ ပျော်
'မ' ငါး-ဖော်ကို ဖြုတ်
ထ သုံး-ထနဲ့ အလုပ်လုပ်"

**တာလေးတာကို ကျော်**

(၁) ဘဿာရာမ တာ

(၂) နိဒ္ဒါရာမ တာ

(၃) သင်္ဂဏိကာရာမ တာ

(၄) ကမ္မာရာမ တာ

'တာ' ဆိုတဲ့ ပါဠိစကားက မြန်မာလို 'အဖြစ်' လို့ မှတ်။ ဘဿာရာမ တာ- အလကား အားနေရင် စကားပြောဘက်ရှာပြီးတော့ ဝေါင်စဉ်ရေမရ၊ အကျိုးမဲ့ အချည်းနှီး အလဟဿ ပေါက်ကရ စကားတွေ ပြောတယ်။ အဲဒီ စကားတွေနဲ့ ပျော်မွေ့ပြီးတော့ အချိန်တွေ ဖြုန်းတယ်။ အလုပ်ကို မလုပ်ဘူး။ အပြောနဲ့ အချိန်ကုန်တယ်။ ဘဿာရာမတာကို ကျော်ဖို့ဆိုရင် တွေ့ကရာ စကားတွေပြောပြီး အချည်းနှီး အချိန်ကုန် မခံပဲ အလုပ်ကို ကြိုးကြိုးစားစားလုပ်ရမယ်။ အဲဒါ ဘဿာရာမတာကို ကျော်တာပဲ။

နိဒ္ဒါရာမ တာ- အချိန်တိုင်းအိပ်နေတာကို ပြောလိုတယ်။ အရင်တုန်းက ဖဆပလ အတွင်းရေးမှူး ဦးကျော်ငြိမ်းက ပြောဖူးတယ်။ 'ကျုပ်တို့ လူမျိုးက ဆန်စားကြီးတဲ့ လူမျိုး၊ ဆန်က အဆိပ်အတောက်ပြင်းတယ်။ အိပ်ချင်တယ် ဒါကြောင့် အအိပ်ကြီးပြီး အပျင်းကြီးတယ် တဲ့။ သူပြောတဲ့စကားမှန်တယ်။ အအိပ်ကြီး၊ အပျင်းကြီးတယ်ဆိုတာ အရှင်ဘုရားတို့ကိုတော့ မပြောတတ်ဘူး။ တပည့်တော်ကျောင်းက ဘုန်းကြီးတွေကိုတော့ ပြောနိုင်တယ်။ ကမ္ဘာ့ဂရင်း နစ်စံချိန်မှာ စပါးကြီးမြွေက ၁၈-နာရီ အိပ်တယ်တဲ့။ အဲဒီလူတွေ တပည့်တော်ကျောင်းကို လာလေ့လာစေချင်တယ်။ တပည့်တော်ကျောင်းက ဦးဇင်းတွေက နာရီ-၂၀ လောက်အိပ်တယ်။ ဆွမ်းခံ၊ ထမင်းစား၊ ရေချိုးချိန်က လွဲရင် အိပ်တာပဲ။ အိပ်ပါများရင် ဦးနှောက် အလုပ် မလုပ်တော့ဘူး။ ဦးနှောက် သေတာ၊ ပျက်တာပဲ။ ဒါကြောင့် အရှင်ဘုရားတို့ နယ်စပ်နဲ့ တောင်တန်းရောက်တဲ့ အခါ အိပ်ချည်းပဲ မနေနဲ့။ အိပ်တာ ပျော်နေလို့ကတော့ ဘာသာသနာမှ ပြုလို့ရမှာ မဟုတ်ဘူး။ နိဒ္ဒါရာမတာ- အိပ်တာပျော်မွေ့တဲ့ အလုပ်ကို ကျော်လွှားနိုင်ရမယ်။ မအိပ်နဲ့ ရှိသမျှ အချိန်မှာ အလုပ်လုပ်။

ပျင်းတဲ့သူအတွက် အလုပ်ဆိုတာ မရှိဘူး။ အလုပ်လုပ်ချင်သူအတွက် အချိန်ဆိုတာ မလုံလောက်ဘူးတဲ့။ တကယ် အလုပ်လုပ်မယ်ဆိုရင် အရှင်ဘုရားတို့အတွက် သိစရာတွေ, တတ်စရာတွေ, ဖတ်စရာတွေ, မှတ်စရာတွေ၊ လုပ်စရာတွေ အများကြီးပဲ။ အရှင်ဘုရားတို့ အတွက် အချိန်ဟာ မလောက်ဘူး။ ပျင်းတဲ့သူကတော့ အိပ်ချည်းပဲနေမှာပဲ။ ဒါကြောင့် အလုပ်မရှိဘူး။ ရှိလည်း မလုပ်ဘူး။ ပျင်းပြီး အိပ်နေတာမျိုးကို ကျော်လွှားရမယ်။ မရှိ,ရှိတဲ့

အလုပ်ကို ရှာဖွေပြီးတော့ လုပ်ရမယ်။ ဘာမှ လုပ်စရာမရှိရင် သစ်ပင်စိုက်၊ ဘုရားရှိခိုး၊ ပုတီးစိပ်၊ ကမ္မဋ္ဌာန်းအားထုတ်၊ ဈာန်အဘိညာဉ်တွေ ရအောင်မွှား ဘယ်လောက်ကောင်းလိုက်မလဲ။ အဲဒါ နိဒ္ဒါရာမတာကို ကျော်တာပဲ။

နောက်တစ်ခုက သင်္ဂဏိကာရာမတာ- အပေါင်းအသင်းနဲ့ ပျော်မွေ့တာတဲ့။ အပေါင်းအသင်းမရှိရင် မနေတတ်ဘူး။ ဘယ်မှာ အပေါင်းအသင်းရှိလဲ?။ အပေါင်းအသင်းရှိရာ လျှောက်လည်နေတယ်။ ကိုယ်တာဝန်ကျတဲ့ နေရာမှာ မနေဘူး။ ကိုယ့်အလုပ်ကို မလုပ်ဘူး။ အဲဒီလို အပေါင်းအသင်းနဲ့ပျော်မွေ့နေတာကိုရှောင်ပါ။ ကိုယ့်တာဝန်ကို ကျေအောင် တိုးတက်အောင် စိတ်ပါလက်ပါ ကြိုးစားလုပ်ပါ။ သင်္ဂဏိကာရာမတာကို ကျော်တာပဲ။

နောက်ဆုံးတစ်ခုက ကမ္မာရာမတာ- ကိုယ်လုပ်သင့်တဲ့ အလုပ်ကို လုပ်ရမယ်။ မလုပ်သင့်တဲ့ အလုပ်ကို မလုပ်ရဘူး။ လုပ်သင့်တဲ့ အလုပ်ကိုတော့ မလုပ်ပဲ မလုပ်သင့်တဲ့ အလုပ်ကိုတော့ ဝင်လုပ်တယ်ဆိုရင် ကမ္မာရာမတာပဲ။ တပည့်တော်လက်တွေ့ပြောပြမယ်။ မကြာသေးခင်က လောက်ကိုင်၊ မော်ထိုက်မှာ သာသနာပြုကျတဲ့ ကိုယ်တော်လေးဟာ ကျောင်းဆောက်မပြီးသေးတော့ ရဲစခန်းက လွတ်နေတဲ့ အဆောင်မှာ ယာယီသီတင်းသုံးရတယ်။ ကျောင်းက ငါးကျောင်းပြီးသွားပြီ။ သူက မသွားဘူး။ တစ်နှစ် အမိန့်ထုတ်တယ်။ မသွားဘူး။ ၂-နှစ် အမိန့်ထုတ်တယ် မသွားဘူး။ ရဲစခန်းမှာပဲနေတယ်။ သူက လုပ်သင့်တဲ့အလုပ်တော့ မလုပ်ဘူး။ ရဲစခန်းက တိုင်တဲ့အခါကျတော့ တပည့်တော်တို့က သူ့ကို ထုချေလွှာတောင်းတယ်။ သူက ဘယ်လို ထုချေလွှာပေးသလဲဆိုတော့ ဌာန(၃၀)ရှိတဲ့ အထဲက သူနဲ့မတည့်တာ ရဲဌာနနဲ့ (Immigration) လူဝင်မှုကြီးကြပ်ရေးဌာန ၂-ခုတဲ့။ ကျန်တဲ့ ဌာနတွေ တည့်တယ်တဲ့။ အဲဒီ ဌာန ၂-ခုကပဲ ကျောင်းဆောက်ပေးတာ။ ကျောင်းဆောက်တာ မပြီးသေးလို့ အဲဒီဌာန ၂-ခုကပဲ ကျွေးမွေးထားတာ။ အဲဒီ ကျွေးမွေးတဲ့ ကျောင်းဆောက်ပေးတဲ့ ဌာန ၂-ခုနဲ့ မတည့်ဘူးဆိုတော့ ဘယ်နဲ့ လုပ်မလဲ။ ဘာလို့ မတည့်တာလည်း ဆိုတော့ လက်နက်ပုန်းကိုင်တယ် ဆိုပြီး သူက စာရေးလို့တဲ့။ ဟိုမှာ လက်နက်ကို ပြောင်ကျကျ ကိုင်ပြီး အစိုးရ စစ်တပ်တောင် ခံတိုက်နေတာ လက်နက်ပုန်းကိုင်တာ ဆန်းသလား။ ကိုယ့်သာသနာပြုအလုပ်လား။ ကိုယ်မလုပ်ရမယ့် အလုပ်တော့ လုပ်ပြီး ကိုယ်လုပ်ရမယ့် မောထိုက်သာသနာပြုအလုပ်တော့ သွားမလုပ်ဘူး။ အဲဒါကို ကျော်ရမယ်။ ကမ္မာရာမတာ ကျော်တာပဲ။

## အိုင်(I) သုံးအိုင်မှာပျော်

ပထမအိုင်(I)က Interesting လို့ ခေါ်တယ်။ Interesting - စိတ်ဝင်စားမှု။ တစ်ခုခုကို သမာဓိအားကောင်းကောင်းနဲ့ စိတ်ဝင်စားမယ်ဆိုရင် နေ့မှန်းလည်း မသိဘူး။ ညမှန်းလည်း မသိဘူး။ စားရမှန်းလည်း မသိဘူး။ အိပ်ရမှန်းလည်း မသိဘူး။ ပင်ပန်းမှန်းလည်း မသိဘူး။ မနားမနေ လုပ်နိုင်တယ်။ စိတ်မပင်စားရင် ဘယ်ဟာမှ မလုပ်နိုင်ဘူး။ တပည့်တော်တို့ နာယကချုပ်ကြီး လုပ်သွားတဲ့ ဦးတိလောက က သူများကို စကားပြောရမယ်ဆိုရင် ၃-နာရီလောက် အမြုပ်ထွက်အောင် ပြောနိုင်တယ်တဲ့။ ကိုယ်က နားထောင်ရမယ်ဆို ၃-မိနစ်နဲ့ ငိုက်တော့တာပဲတဲ့။ (သူက)ပြောတာပဲ စိတ်ဝင်စားတယ်။ နားထောင်တာကို စိတ်မဝင်စားဘူး။ နားထောင်တဲ့( Interesting)မရှိဘူး။ အရှင်ဘုရားတို့ နယ်စပ်နဲ့တောင်တန်းဒေသ ရောက်တဲ့အခါ သာသနာပြုချင်တဲ့စိတ်( Intersting)ဟာ ပြင်းပြင်းထန်ထန်ရှိပါ။ ခေတ်မီ အင်္ဂလိပ်စကားနဲ့ ပြောတာ ပဋ္ဌာန်းစကားနဲ့ပြောမယ်ဆိုရင် ဆန္ဒာဓိပတိ၊ စိတ္တာဓိပတိရှိရမယ်။ အဓိ-ဆိုတာ အလွန်အမင်း၊ ပတိ-ဆိုတာ အကြီးအမှူး။ လွန်လွန်မင်းမင်း, ပြင်းပြင်းထန်ထန် ကြီးမားတဲ့ ဆန္ဒ။ လွန်လွန် မင်းမင်း ပြင်းပြင်းထန်ထန် ကြီးမားတဲ့ စိတ်ဓာတ်။ အဲဒီ စိတ်ဓာတ်ကို (Intersting)လို့ ချုံ့ပြောလိုက်တာပဲ။ နယ်စပ်နဲ့ တောင်တန်းဒေသရောက်တဲ့ အခါ ဆန္ဒာဓိပတိ အပြင်းအထန်ရှိပါ။ စိတ္တာဓိပတိ အပြင်းအထန်မွေးပါ။

နောက်တစ်ခုက( Intersting) လုံ့လဝီရိယ။ ဝီရိယကို ပဋ္ဌာန်းနဲ့ပြောရင် ဝီရိယာဓိပတိပဲ။ ဝီရိယဆိုတာ အသားပဲကြေကြေ၊ အရည်ပဲခမ်းခမ်း၊ အသွေးပဲ ပျက်ပျက်၊ အသက်ပဲ သေသေ။ မဖြစ်မနေလုပ်မယ်ဆိုတဲ့ ဝီရိယမျိုး ထားပါ။ လွန်လွန်မင်းမင်း ပြင်းပြင်းထန်ထန်ကြီးစားတဲ့ ဝီရိယာဓိပတိ( Industrious)ပဲဆိုတာ အရှင်ဘုရားတို့ နားလည်ပါ။

နောက်တစ်ခုက (Intelligence)လို့ ခေါ်တယ်။ အသိဉာဏ်လို့ ပြောရမယ်။ ပဋ္ဌာန်းလို ပြောရင် ဝီမံသာဓိပတိ။ ဒီဟာကတော့ အင်မတန်ကျယ်ဝန်းပါတယ်။ အသိဉာဏ်ရှိရမယ်။ ဒါ့ကြောင့် အရှင်ဘုရားတို့( Intersting) ရှိရမယ်၊ (Industrious)ရှိရမယ်။ (Intelligence) ရှိရမယ်။ ဒီအိုင်(I)သုံးအိုင်မှာ ပျော်မွေ့ပါလို့။ ပဋ္ဌာန်းလိုပြောရင် ဆန္ဒာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီရိယဓိပတိ၊ ဝီမံသာဓိပတိ ဆိုတဲ့ အိုင်(I)သုံးအိုင်မှာ ပျော်မွေ့ရမယ်။ ဝီမံသာဓိပတိက အချုပ်ပဲ။ ဉာဏ်ဟာ လိုက်လို့ မကုန်နိုင်ဘူး။ လိုက်မီသလောက်ကိုတော့ လိုက်ရမှာပဲ။ မမီတာကိုတော့ ပြောလို့မရဘူး။ ဒါကို ဘာကိုပြောရသလဲဆိုရင် အရှင်ဘုရားတို့ နယ်စပ်နဲ့တောင်တန်းဒေသ ရောက်ရင် သိစရာတွေ၊ လေ့လာစရာတွေ အများကြီးဆိုတာ တွေ့ပါလိမ့်မယ်။ အဲဒီ (I) သုံးအိုင်နဲ့ ပျော်ပါ။

## ၁၃၇၇-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁-ရက်၊ ၂၇-၁၂-၂၀၁၅၊ တနင်္ဂနွေနေ့တွင် ကျင်းပသော နယ်စပ်နှင့်တောင်တန်းဒေသသို့ သာသနာပြုကြွရောက်မည့် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)မှ သင်တန်းသားရဟန်းတော်များ၏ ဩဝါဒခံယူပွဲအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာ

**ရိုသေလေးမြတ်စွာလျှောက်ထားအပ်ပါသည်**

**ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား**

ယနေ့ကျင်းပပြုလုပ်သော နယ်စပ်နှင့်တောင်တန်းဒေသသို့ သာသနာပြုကြွရောက်မည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ သင်တန်းသားရဟန်းတော်များ၏ ဩဝါဒခံယူပွဲအခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒစရိယအဖွဲ့ ဆရာတော်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော သင်ကြားစီမံဆရာတော်များ၊ နယ်စပ်နှင့်တောင်တန်း ဒေသသို့ သာသနာပြုကြွရောက်ကြမည့် သင်တန်းသားရဟန်းတော်များအား စုံညီစွာဖူးမြော် ကြည်ညိုခွင့်ရရှိသဖြင့် မဟာကုသိုလ်တရားများ တိုးပွားရပါကြောင်းနှင့် သာသနာရေး ဆိုင်ရာများလျှောက်ထားခွင့် ရရှိသဖြင့်လည်း ဝမ်းမြောက်ပါကြောင်း ပဏာမအနေအားဖြင့် ဂါရဝပြု လျှောက်ထားအပ်ပါသည်ဘုရား။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့မှ သာသနတက္ကသီလမဟာ ဓမ္မာစရိယတန်းကျမ်းတင်သွင်းပြီး ရဟန်းတော်များနှင့် သာသနတက္ကသီလဓမ္မာစရိယ (စတုတ္ထနှစ်)အောင်မြင်ပြီးသော ရဟန်းတော်များကို နယ်စပ်နှင့်တောင်တန်းဒေသများသို့ နှစ်စဉ်သာသနာပြုစေလွှတ်လျက်ရှိပါသည်ဘုရား။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် တည်ထောင်ဖွင့်လှစ်ရခြင်း၏ တတိယရည်ရွယ်ချက်ဖြစ်သော "ပြည်တွင်းပြည်ပတို့၌ သာသနာပြုစွမ်းနိုင်သော ရဟန်းတော်များ ပေါ်ပေါက်လာစေရန်နှင့် အထူးသဖြင့် သင်တန်းသားရဟန်းသံဃာများအား ဆင်းရဲချမ်းသာမရွေး ကျေးလက်တောရွာပါမကျန်

နေထိုင်သီတင်းသုံး၍ သာသနာပြုနိုင်သည့် စိတ်ဓါတ်အလေ့အကျင့်ရရှိစေရေးအတွက် ဆောင်ရွက်ပေးရန်" ဟူသော ရည်ရွယ်ချက်အထမြောက်အောင်မြင်စေရေးအတွက် နယ်စပ်နှင့် တောင်တန်းဒေသသို့ နှစ်စဉ် တာဝန်ပေးသာသနာပြုစေလွှတ်လျက်ရှိပါသည်ဘုရား။

ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား....

သာသနာပြုတာဝန်များကို ထမ်းဆောင်ရာတွင် ဗဟိုခေါင်းဆောင်ဆရာတော်၊ သာသနာပြု ရဟန်း/သီလရှင်၊ မြို့နယ်သာသနာရေးမှူး၊ သာသနာပြုလုပ်ငန်းပုဂ္ဂိုလ်များသည် အချင်းချင်း အငြင်းမပွားကြ၊ စိတ်ဝမ်းမကွဲကြဘဲ တစ်ဦးနှင့်တစ်ဦး ဗြဟ္မစိုရ်တရားလက်ကိုင်ထား၍ သာသနာတော်တစ်ရပ်လုံး၏ အကျိုးစီးပွားကိုရှေးရှုပြီး ညီညီညွတ်ညွတ်ဆောင်ရွက်ကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။ မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးသည် ရှုနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အားထားကိုးကွယ်ရာ မွေ့ရဟာနာ အလုံးအရင်းသာသနာတော် ဖြစ်ပါသည် ဘုရား။

သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ကြသော ပုဂ္ဂိုလ်များအချင်းချင်း စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဆောင်ရွက်ကြခြင်းဖြင့် လူသားအားလုံးတို့၏ ကောင်းကျိုးအတွက် ဖြည့်ဆည်း ပေးတော်မူကြပါဘုရား။ ထို့ကြောင့် မြတ်စွာဘုရားရှင်က "ရဟန်းတို့ တစ်ခုတည်းသော တရားသည် ဖြစ်ပေါ်လာသည်ရှိသော် လူအများအကျိုးစီးပွားရှိခြင်း ချမ်းသာသုခရှိခြင်း ဖြစ်၏။ ထိုတရားသည် အခြားမဟုတ်၊ ညီညွတ်ခြင်းပင်တည်း" ဟု ဂုဏ်ဝုတ်ပါဠိတော်၌ ဟောတော်မူထားသည်ကို အစဉ်အမြဲအောက်မေ့နှလုံးသွင်းဆင်ခြင်တော်မူကြပါရန်လည်း လျှောက်ထားအပ်ပါသည်ဘုရား။

သာသနာပြုပုဂ္ဂိုလ်များအချင်းချင်း ညီညွတ်မှုမရှိပါက ဓမ္မကို အဓမ္မ ဝိနယကို အဝိနယဟု ကျင့်ကြံနေကြသော သာသနာ့ရန်သူများကို ဖယ်ရှားနိုင်မှာမဟုတ်သည့်အပြင် သာသနာပြု အချင်းချင်းမညီညွတ်ခြင်းသည် သာသနာပြုလုပ်ငန်းဆုတ်ယုတ်ခြင်း၏ အဓိကအကြောင်းရင်း တစ်ရပ် ဖြစ်လာနိုင်ပါသည်ဘုရား။ မိမိတို့၏ သန္တာန်၌ သီလ၊ သမာဓိ၊ ပညာတရားများဖြစ် တည်လာအောင် ဟစ်ကိုယ်ရည်သာသနာပြုရမှာ ဖြစ်သကဲ့သို့ မိမိရရှိထားသော ဓမ္မအသိပညာ

များကိုလည်း နယ်စပ်ဒေသတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလည်း ဖြန့်ဝေဟောပြော ပေးရမှာ ဖြစ်ပါသည်ဘုရား။

ဘုရားတပည့်တော်တို့၏ နိုင်ငံ၌ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကို ငါးကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့ပြီး ထိုသံဃာ့အစည်းအဝေးပွဲကြီးမှတဆင့် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်လည်း ပေါ်ပေါက်လာခဲ့ပါသည်ဘုရား။ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သည် သာသနာတော်တည်တံ့ခိုင်မြဲရေးအတွက် အမြဲလိုအပ်နေမှာဖြစ်သကဲ့သို့ သာသနာပြုရဟန်း/သီလရှင်၊ မြို့နယ်သာသနာရေးမှူး၊ သာသနာပြုလူပုဂ္ဂိုလ်များအနေဖြင့် လည်း အဆိုပါသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ဩဝါဒကိုလေးလေးနက်နက်ခံယူ၍ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရမှာဖြစ်ပါသည်ဘုရား။

**ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား.....**

နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဘာသာတရားများကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုပြုထားရာ သက်ဆိုင်ရာဘာသာအသီးသီးက သာသနာပြုများစေလွှတ်၍ နိုင်ငံတစ်ဝှမ်းလုံးတွင် မိမိတို့၏ဘာသာဝင်များ တိုးတက်များပြားရန် စည်းရုံးသာသနာပြု နေကြသည်ကို အရှင်ဘုရားများ သိရှိတော်မူကြပြီးဖြစ်ပါသည်ဘုရား။

ယခင်ကသာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အကန့်အသတ်အတားအဆီးများ မရှိဘဲ ဓမ္မနည်းလမ်းဖြင့်လည်းကောင်း၊ အဓမ္မနည်းလမ်းဖြင့်လည်းကောင်း နည်းလမ်းပေါင်းစုံ ဖြင့် သာသနာပြုလျက်ရှိကြသည့်အတွက် ဘာသာသာသနာကို စိတ်ဝင်စားသူများသာမက စိတ်မဝင်စားသူများပါ ဘာသာဝင်များအဖြစ် စည်းရုံးသိမ်းသွင်းခံနေရပါသည်ဘုရား။ ဘာသာသာသနာကို စိတ်ဝင်စားသူများအား စည်းရုံးသိမ်းသွင်းခြင်းသည် အပြစ်ဆိုဖွယ်ရာ မရှိသော်လည်း စိတ်မဝင်စားသူများအား အဓမ္မနည်းလမ်းဖြင့် စည်းရုံးသိမ်းသွင်းခြင်းသည် ဘာသာအချင်းချင်း အမုန်းတရားတိုးပွားခြင်းကို ဖြစ်ပေါ်စေနိုင်ပါသည်ဘုရား။

ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား·····

ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ်(၄၈)ဖြင့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းလိုက်သည့်အတွက် မိမိကြိုက်နှစ်သက်ရာဘာသာကို မိမိတို့သဘောကျလက်ခံမှသာ ဘာသာဝင်အဖြစ် ခံယူနိုင်သောကြောင့် ဓမ္မနည်းဖြင့်သာ သာသနာပြုကြရမှာဖြစ်ပါသည်ဘုရား။

မြတ်စွာဘုရားရှင်၏ သာသနာပြုနည်းသည် ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်း၍ သာသနာပြုခြင်းမျိုးမဟုတ်ဘဲ "ဧဟိပဿိကော" ဟူသော တရားတော်အတိုင်း ကိုယ်တိုင်လေ့လာကျင့်ကြံပြီးမှ သဘောကျနှစ်ခြိုက်လျှင် လက်ခံနိုင်သည့် ဓမ္မနည်းလမ်းကျ သာသနာပြုနည်းမျိုးဖြစ်ပါသည်ဘုရား။ ထို့ကြောင့် ဘုရားရှင်၏ သာသနာပြုနည်းသည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ကျော်က ချမှတ်ကျင့်သုံးခဲ့သော သာသနာပြုနည်းပင်ဖြစ်သော်လည်း မျက်မှောက်ခေတ်အထိ လူအများလက်ခံနိုင်သော ငြိမ်းချမ်းပြီး အပြစ်ကင်းစင်သည့် သာသနာပြုနည်းဖြစ်ကြောင်း ကြည့်ညိုဖွယ်ရာတွေ့ရှိရပါသည်ဘုရား။

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ၏ အခန်း(၆)၊ အပိုဒ် ၂၄ တွင် "သက်ဆိုင်ရာကိုးကွယ်ရာဘာသာအရ ဆောင်ရွက်သော သာသနာပြုလုပ်ငန်းများသည် ပုဒ်မ ၁၅ ပါသွေးဆောင်ခြင်းဆိုသည့် စကားရပ်နှင့် သက်ဆိုင်ခြင်းမရှိစေရ" ဟု ဖော်ပြပါရှိရာ အရှင်ဘုရားတို့၏ သာသနာပြုလုပ်ငန်းများသည် ကိုးကွယ်ရာဘာသာအရ ဆောင်ရွက်သော သာသနာပြုလုပ်ငန်းများဖြစ်သည့်အတွက် အဆိုပါဥပဒေနှင့်ဆန့်ကျင်မှု မရှိပါသဖြင့် မေတ္တာတရားကို အခြေခံသည့် မြတ်စွာဘုရားရှင်၏ သာသနာပြုနည်းအတိုင်း ရဲရဲဝံ့ဝံ့သာသနာပြုနိုင်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

ထို့ပြင် တာဝန်ကျသာသနာပြုဌာနများ၌ ယဉ်ကျေးမှုသင်တန်းများကို ကြိုးစားဖွင့်လှစ်ပေးတော်မူကြပါဘုရား။ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုတိုးတက်ဖြစ်ထွန်းလာစေရေးအတွက် လူတစ်ဦးချင်းစီ၏ စာရိတ္တဆိုင်ရာကိုယ်ကျင့်တရားသည် အဓိကသော့ချက်ဖြစ်ပါသည်ဘုရား။ စာရိတ္တကောင်းပါမှ လူကောင်းလူတော်များဖြစ်လာပြီး မိမိ၏မိသားစုအတွက်သာမက

နိုင်ငံတော်အတွက် သားကောင်းရတနာများလည်း ဖြစ်လာနိုင်မှာဖြစ်ပါသည်ဘုရား။ ဓာရိဋ္ဌ ယိုယွင်းနေပါက မိသားစုကို ဒုက္ခပေးနိုင်သည့်အပြင် အများပြည်သူအတွက်လည်း အန္တရာယ် ရှိနိုင်သူဖြစ်ပါသည်ဘုရား။ ထို့ကြောင့် ကလေးသူငယ်များ လူရည်ချွန်လူရည်မွန်များဖြစ်လာ စေရန်အတွက် သာသနာပြုရဟန်းတော်များက တစ်ဖက်တစ်လမ်းမှစောင့်ရှောက်ပေးရန်လည်း လိုအပ်ပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။

သာ. နာပြုတာဝန်များကို ထမ်းဆောင်ရာတွင် သတိပြုရမည့်ကိစ္စရပ်များကိုလည်း သာသနာပြုရဟန်းတော်များ၏ အကျိုးကိုရှေးရှုလျက် အနည်းငယ်လျှောက်ထားခွင့်ပြုတော်မူ ပါဘုရား။ ပညာမာန်မာနကြောင့် သာသနာပြုရဟန်းအချင်းချင်း ညီညွတ်မှုပျက်ပြားခြင်း၊ တာဝန်ကျသာသနာပြုဌာန၌ (၂)နှစ်ပြည့်အောင်သီတင်းမသုံးခြင်း၊ (၂)နှစ်တာဝန်ပြီးဆုံးပါက ဘွဲ့ရမည်ဟူသော ရည်ရွယ်ချက်တစ်ခုတည်းသာထားရှိပြီး သာသနာပြုလုပ်ငန်းများဆောင်ရွက် မှု အားနည်းခြင်း၊ မာတုဂါမများနှင့်ဆက်ဆံရာတွင် ဝိနည်းသိက္ခာပုဒ်များကို လေးစားလိုက်နာ မှုအားနည်းခြင်း၊ သုရာမေရယ သိက္ခာပုဒ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဒေသအာဏာပိုင် များ၏ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ၌ ဝင်ရောက်စွက်ဖက်ခြင်းများကို အထူးရှောင်ကြဉ်တော်မူပါရန်လည်း လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား·····**

နိဂုံးချုပ်အားဖြင့် လျှောက်ထားလိုသည်မှာ "မိမိ သစ္စာလေးပါး သိမြင်သကဲ့သို့ သတ္တဝါများလည်း သိစေရမည်၊ မိမိ ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်သကဲ့သို့ သတ္တဝါ များလည်း လွတ်မြောက်စေရမည်" ဟူသော ဘုရားအလောင်းတော်အဓိဋ္ဌာန်ပြုသကဲ့သို့ သာသနာပြုကြွရောက်မည့် သင်တန်းသားရဟန်းတော်အနေဖြင့် အရှင်ဘုရားတို့ လေ့လာ သိမှတ်ကျင့်ကြံပြီးသော ဓမ္မရတနာများကို တိုင်းရင်းသားညီအစ်ကိုမောင်နှမများအား ဟောပြော ပို့ချသာသနာပြုနိုင်ပါစေဟု ဆုတောင်းပတ္ထနာပြုလျက် ဘုရားတပည့်တော်၏ လျှောက်ထား လွှာကို နိဂုံးချုပ်အပ်ပါသည်ဘုရား။

❖ ❖ ❖



# သူ့အလုပ် ကိုယ့်အလုပ်

◆ အလိုရမ္မက်ဖိစီး
လောဘကြီးတာက သူ့အလုပ်။
မိုးမမြင်လေမမြင်
ဒေါသဝင်တာက သူ့အလုပ်။
အမှန်မမြင်
ဉာဏ်မယှဉ်နိုင်လောက်အောင်ပင်
မောဟဝင်တာက သူ့အလုပ်။

◆ လောဘ ဒေါသနှင့်
မောဟပယ်ခွင်း
စိတ်ဖြတ်သွင်းကာ
ငြိမ်းအေးရာလမ်း
လျှောက်လှမ်းတာက ကိုယ့်အလုပ်။

◆ သူ့အလုပ်ထဲမှာ
ကိုယ်မပါဘူး
ကိုယ်သာ အလုပ်မှန်ဖို့ပင်။

မောင်မောင်-လည်ပေါက်ရွာ



# သုခအိမ်

အရက်ကျင်းစ၊ စောစောထ၍
ဒါနအတွက်၊ ဆွမ်းတော်ချက်ပြီး
မပျက်ဝတ်ပြု၊ ရှိခိုးမှုဖြင့်
သာဓုခေါ်စေ၊ အမျှဝေသည်
သဗ္ဗေသတ္တာ၊ ဝေနေယျာသို့
မေတ္တာပေးစွမ်း၊ စိတ်ကြည်လန်းလျက်
ငြိမ်းချမ်းစွာဖြင့်၊ တံခါးဖွင့်။
ညဦးချိန်ခါ၊ ရောက်ရှိလာသော်
ငါးဖြာသီလ၊ ဆောက်တည်ထ၍
ဒုက္ခကင်းရန်၊ အရှုဉာဏ်ဖြင့်
ဤခန္ဓာကိုယ်၊ ပညတ်ကိုလျှင်
နဂိုအရှိ၊ အမှန်သိအောင်
ဒိဋ္ဌိကိုခွာ၊ ဘာဝနာဖြင့်
ကောင်းစွာနားအိပ်၊ တံခါးပိတ်။

ဖျာပုံ-တင်နိုင်ဝင်း



# နှမကို ဓမ္မပြုခြင်း

❋ အခက်ပွေသမျှ
သက်ဝေနှမ…
မျက်ရည်မကျနှင့်။

❋ ဘဝတစ်ကွေ့မှာ…
ခဏတွေ့လာ
"သင်္ခါရာ" "မှန်သမျှ" "အနိစ္စ" ..လေ..
ဖြစ်-ပျက် ဓမ္မပေမို့
သောကတွေ ထပ်မဆင်နှင့်
နလုံးသွင်းမှန်သင့်။ ။

မုံရွာ-နေဇာ

# မိလိန္ဒပဉှာ

## ထွက်သက် ဝင်သက်ကို ချုပ်စေနိုင်သလော

“အရှင်နာဂသေနဘုရား၊ ထွက်သက် ဝင်သက်တို့ကို ချုပ်စေနိုင်ပါသလော”

“မင်းမြတ်၊ မှန်လှပေ၏”

“အရှင်ဘုရား၊ ထွက်သက် ဝင်သက်ကို အဘယ်သို့ ချုပ်စေနိုင်ပါသနည်း”

“မင်းမြတ်၊ တစ်စုံတစ်ယောက် ပက်လက်အိပ်လျက် ဟောက်နေသော အသံသည် ကိုယ်ကို ကွေးညွတ်လိုက်သော် ပျောက်သွားပါသလော”

“အရှင်ဘုရား၊ ပျောက်သွားပေ၏”

“မင်းမြတ်၊ ကမ္မဋ္ဌာန်းဘာဝနာ မပွားများသောသူ၏ ထိုအသံသည်ပင် ကိုယ်ကို ကွေးညွတ်လိုက်ကာမျှဖြင့် ပျောက်ရသေး၏။ ကမ္မဋ္ဌာန်းဘာဝနာ ပွားများပြီး၍ စတုတ္ထဈာန် ဝင်စားနေသော သူ၏ ထွက်သက်ဝင်သက်တို့သည် အဘယ်မှာ မချုပ်ငြိမ်းဘဲ ရှိပါမည်နည်း”

အရှင်ဘုရား၊ သင့်လျော်လှပါ၏”

### သမုဒ္ဒရာဟု အဘယ်ကြောင့်ခေါ်ရသနည်း

“အရှင်နာဂသေနဘုရား၊ အဘယ်ကြောင့် သမုဒ္ဒရာဟု ခေါ်ရပါသနည်း”

“မင်းမြတ်၊ ရေရှိသလောက် ငန်သောကြောင့် အငန်ဓာတ်နှင့်ရေတို့ အညီအမျှ ရှိနေသောကြောင့် သမုဒ္ဒရာဟု ခေါ်ရပေ၏”

“အရှင်ဘုရား၊ သင့်လျော်လှပါပေ၏”

### သမုဒ္ဒရာရေသည် အဘယ်ကြောင့် ငန်ရသနည်း

“အရှင် နာဂသေနဘုရား၊ သမုဒ္ဒရာ ရေသည် အဘယ်ကြောင့် အငန်အရသာ တစ်ခုတည်း ရှိနေရပါသနည်း”

“မင်းမြတ်၊ ထိုရေသည် ကြာမြင့်စွာ တည်နေရသောကြောင့် အငန်အရသာ တစ်ခုတည်း ရှိပေ၏”

“အရှင်ဘုရား၊ သင့်လျော်လှပါပေ၏”

### သိမ်မွေ့သော အရာအားလုံးကို ဖြတ်နိုင်သလော

“အရှင်နာဂသေနဘုရား၊ သိမ်မွေ့သော အရာအားလုံးကို ဖြတ်တောက်နိုင်ပါသလော”

“မင်းမြတ်၊ ဖြတ်တောက်နိုင်ပေ၏”

“အရှင်ဘုရား၊ သိမ်မွေ့သော အရာဟူသည် အဘယ်ပါနည်း”

“မင်းမြတ်၊ တရားသည်သာလျှင် အရာအားလုံးတို့ထက် သိမ်မွေ့သော အရာဖြစ်၏။ သို့ရာတွင် တရားအားလုံးကုန် သိမ်မွေ့သည်ကား မဟုတ်ကုန်။ ကုသိုလ်တရားသည်သာလျှင် သိမ်မွေ့၍ အကုသိုလ်တရားသည်ကား ရုန့်ရင်းကြမ်းတမ်း၏။ အလွန်တရာ သိမ်မွေ့လှသော ကုသိုလ်တရားကိုပင် အရဟတ္တမဂ်ပညာဖြင့် ဖြတ်တောက်နိုင်ပေ၏။ ပညာမှတစ်ပါး ဖြတ်တောက်နိုင်သော အခြားအကြောင်းမရှိပေ”

“အရှင်ဘုရား၊ သင့်လျော်လှပါပေ၏”

# ခင်ပွန်းကြီးဆယ်ပါး

အဂ္ဂမဟာပဏ္ဍိတ အရှင်ကုမာရ

**ခင်ပွန်းကြီးဆယ်ပါး ဆိုသည်မှာ**

၁။ ဘုရား

၂။ ပစ္စေကဗုဒ္ဓါ

၃။ ရဟန္တာ

၄။ အဂ္ဂသာဝက

၅။ မိခင်

၆။ ဖခင်

၇။ ပညာသင်ဆရာ

၈။ လောကနီတိပညာသင်ဆရာ

၉။ ဓမ္မကထိက(ဓမ္မရေးရာသင်)ဆရာ

၁၀။ ကျေးဇူးပြု အကူအညီပေးဖူးသူ

**ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားလျှင်**

အထက်ဖော်ပြပါ ခင်ပွန်းကြီး ၁၀ ပါးမှာ ယနေ့ မိမိမျက်မှောက်မှာပင် ရှိနေကြသော အနန္တဂုဏ်အင် ကျေးဇူးရှင်များ ဖြစ်ကြပါသည်။ ထိုခင်ပွန်းကြီးဆယ်ပါးကို လုပ်ကျွေးသမှု ပြုစုနေသူတိုင်းမှာ ကောင်းကျိုးအဖြာဖြာ ရရှိကြသည်သာ ဖြစ်ကြကုန်၏။

ထိုခင်ပွန်းကြီးဆယ်ပါးကို လုပ်ကျွေးသမှု မပြုစုဘဲ ပြစ်မှားသူ၊ ကာယကံ၊ ဝစီကံ၊ မနောကံ ကျူးလွန်ကြသူများမှာ ဒဏ်ဆယ်ပါးသင့်၍ ဘေးဥပဒ်များ ကပ်ငြိတတ်ကြောင်း ဓမ္မပဒပါဠိတော်မှာ လာရှိပေသည်။

**ဓမ္မပဒပါဠိတော်လာ ဒဏ် ၁၀ ပါးမှာ**

၁။ ဦးခေါင်းစသော မြင့်မြတ်သော နေရာ၌ ဆိုးရွားစွာသော ဝေဒနာ ကပ်ရောက်ခြင်း။

၂။ ပင်ပန်းကြီးစွာ ရှာဖွေထားသော စည်းစိမ်ဥစ္စာများ ပျက်ပြားဆုတ်ယုတ်ခြင်း။

၃။ ကိုယ်အင်္ဂါ ချို့ယွင်းလျက် လက်ပြတ်, ခြေပြတ် ဖြစ်ခြင်း။

၄။ ဆိုးဝါးသော ကပ်ရောဂါများ ဖြစ်တတ်ခြင်း။

၅။ စိတ်နှောက် ဖောက်ပြန် ရူးသွပ်တတ်ခြင်း။

၆။ မင်းပြစ်မင်းဒဏ်သင့်တတ်ခြင်း။

၇။ ပရိသတ်အလယ်တွင် ရှက်ဖွယ် စွပ်စွဲခံရခြင်း။

၈။ မိသားစု ပြိုကွဲခြင်း။ အဆွေအမျိုးများ ပျက်စီးတတ်ခြင်း။

၉။ ငွေ ရွှေ၊ သင်းပင်းများစွာ စွန့်ခွာရှောင်ရှား ပြေးတတ်ခြင်း။

၁၀။ မိမိတို့၏ နေအိမ် တိုက်တာကို ပကတိမီး၊ နတ်စက် လောင်မီး၊ မိုးကြိုးလောင်မီးများ ကျရောက် လောင်ကျွမ်းခံရတတ်ခြင်းတို့ ဖြစ်တတ်ပါသည်။

ထို့ကြောင့် ခင်ပွန်းကြီးဆယ်ပါးကို မပြစ်မှားမိအောင် သတိဆောင်၍ ရှောင်ရှားကာ ကာယကံကောင်းမှု, ဝစီကံကောင်းမှု, မနောကံကောင်းမှုတို့ဖြင့် ပြုစုဆည်းကပ် အလေးအမြတ်ထားကာ ပူဇော်ကြပါ၊ ကိုးကွယ်ကြပါ၊ ရိုသေကြပါဟု တိုက်တွန်းလိုပါသည်။

ထိုသို့ ခင်ပွန်းကြီးဆယ်ပါးကို လေးစားကြည်ညို ရိုသေစွာကိုးကွယ်ကြသူတို့မှာ အကျိုးဆယ်ပါး ရရှိနိုင်ပါ၏။

**ထိုအကျိုးဆယ်ပါးမှာ**

၁။ ရုပ်ဆင်းအင်္ဂါ တင့်တယ်လှပခြင်း။

၂။ စိတ်ဓာတ်ကြည်လင် ပျော်ရွှင်စေခြင်း။

၃။ အနာရောဂါ မကပ်ငြိခြင်း။

၄။ ဘေးအန္တရာယ် အသွယ်သွယ်လွတ်ကင်းခြင်း။

၅။ လူအများတို့ ချစ်ခင်နှစ်သက်ခြင်း။

၆။ လာဘ်လာဘ ရှင်လန်းခြင်း။

၇။ အိပ်မက်ကောင်း၊ နိမိတ်ကောင်းများ ရရှိခြင်း။

၈။ နတ်သိကြားတို့၏ ကူညီမစမှု ခံရခြင်း။

၉။ အကြံအစည်ဟူသမျှ အောင်မြင်ခြင်း။

၁၀။ ပညာသင်သမျှတို့ကို တတ်လွယ်ခြင်းတည်းဟူသော အကျိုးတရားဆယ်ပါးကို ရရှိစေနိုင်ပါသည်။

## ခင်ပွန်းကြီးဆယ်ပါး ပူဇော်ခြင်းအကျိုး

၁။ အရပ်တစ်ပါးသွားလည်း အစားအစာ မရှားပါးခြင်း။

၂။ ရောက်ရာအရပ်၌ လေးစားပူဇော်ခံရခြင်း။

၃။ ရန်သူမျိုးငါးပါး မနှိပ်စက်ခြင်း။

၄။ ချစ်သူခင်သူပေါများခြင်း။

၅။ မည်သည့် ပရိသတ်အလယ်၌မဆို တင့်တယ်စွာ နေနိုင်ခြင်း။

၆။ ကောင်းသောဂုဏ်သတင်း ကျော်စောခြင်း။

၇။ အခြံအရံ မပြတ်ရှိခြင်း။

၈။ မွေးမြူသော တိရစ္ဆာန်၊ စိုက်ပျိုးသောသီးနှံ ဖြစ်ထွန်းခြင်း။

၉။ ဘေးဒုက္ခရောက်ခဲ့သော် အကူအညီ အမှီအတွယ်ရရှိခြင်း။

၁၀။ သားသမီးနှင့်စီးပွားဥစ္စာ ကောင်းမွန်စွာ ဖြစ်ထွန်းခြင်း။

လင်္ကာ။ ။ သွေးအန်ဖြစ်လွယ်၊ ရောင်းဝယ်ရှုံးခြင်း၊ ချို့ယွင်းအင်္ဂါ၊ နူနာကုဋ္ဌ၊ ရူးကြဖောက်ပြန်၊ မင်းဒဏ်သင့်ခဏ်း၊ ကြမ်းတမ်းစွပ်စွဲ၊ သေကွဲသားချင်း၊ ပျက်ခြင်းစည်းစိမ်၊ နေအိမ်မီးလောင်၊ ဒုက္ခကောင်သည်၊ လူ့ဘောင်ဒိဋ္ဌ၊ တွေ့ကြုံရ၍၊ သေက ငရဲ၊ ကမ္ဘာစွဲ၏။

# သဗ္ဗမင်္ဂလာ ဂါထာတော်

နိုင်ကြည်မြင့်
သာသနဓဇဓမ္မာစရိယ

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဝယ် မိဂါရမာတာမည်သော ဝိသာခါဒါယိကာမ လှူဒါန်းသော ပြာသာဒ်ကျောင်း၌ သီတင်းသုံး စံနေတော်မူစဉ် အရှင်အာနန္ဒာမထေရ်ကို အကြောင်းပြု၍ ဒိဝါ တပတိ အာဒိစ္စော အစ ရှိသော ဓမ္မဒေသနာတော်ကို ဟောကြားတော်မူ ပါသည်။

ဒိဝါ တပတိ အာဒိစ္စော ဂါထာသည် ဗုဒ္ဓ သာသနာတော်တွင် အလွန်ထင်ရှားသော ဂါထာ တစ်ပုဒ်ဖြစ်သည်။ တရားဟောဆရာတော်များ မှအစ ရပ်ကွက်တွင် တည်ရှိသော ဆွမ်းလောင်း ဓမ္မာရုံအဆုံး အလွန်အသုံးဝင်သော ဂါထာလည်း ဖြစ်သည်။

ထို့ကြောင့် ဤဂါထာလေးတစ်ပုဒ်အကြောင်း ကို ဤစာစောင်တွင် ရေးသားဖော်ပြချင်စိတ် များ ဖြစ်ပေါ်လာ၍ ဤဂါထာကို ရေးသားရ ခြင်းဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့တစ်နေ့ ညနေ ခင်း နေဝင်အုံ့ဆဲဆဲ အချိန်မှာဖြစ်သည်။ ပသေနဒီ ကောသလမင်းကြီးသည် ချပ်ဝတ် မိန်ညိုများ ဝတ်ဆင်၍ စစ်သည်အပေါင်းနှင့်တကွ ပန်းနံ့ သာလက်စွဲလျက် ဘုရားဖူးရန် ရောက်လာ သည်။

ထိုအချိန်မှာ ဖွားဖက်တော်အရှင်ကာဠုဒါယီ မထေရ်သည် ဈာန်ဝင်စားတော်မူလျက် သံဃပရိသတ်အစွန်မှာ ထိုင်နေတော်မူသည်။ ထိုအရှင်ကာဠုဒါယီမထေရ်၏ ကိုယ်အရေ အဆင်းသည် ရွှေအဆင်းကဲ့သို့ နှစ်လိုကြည်ညို ဖွယ်ရာ ဝင်းလက်တောက်ပနေသည်။

ထိုအချိန်အခါမှာပင် အရှေ့ဘက်မှ လဝန်း ထွက်ပေါ်လာသည်။ အနောက်ဘက်မှာလည်း နေဝန်းသည် ဂေါယာကျွန်းသို့ ဝင်မည့်ဆဲဆဲ ဖြစ်သည်။ အရှင်အာနန္ဒာမထေရ်သည် ဝင်တော့ မည်ဆဲဆဲ တောက်ပသောနေဝန်းကို လည်း ကောင်း၊ အရှေ့ဥဒည်တောင်စွန်းမှ ထွက်ခါစ တက်သစ်သော လဝန်းကိုလည်းကောင်း၊ တစ်လှည့်စီကြည့်ရှုသည်။

တစ်ဖန် ပသေနဒီ ကောသလမင်းကြီး၏ ချပ်မိန်ညို ဝတ်ဆင်ထားသဖြင့် တင့်တယ်နေ သည့် အဖြစ်နှင့် ဈာန်ဝင်စားနေသော အရှင် ကာဠုဒါယီမထေရ်၏ တင့်တယ်ခြင်းကို တစ်လှည့်စီ ကြည့်ရှုသည်။

ထို့နောက် တရားပလ္လင်ထက်ဝယ် ကြီး မားသော ဘုန်းကံတို့ စီမံဖန်တီးအပ်သည်ဖြစ်၍ တင့်တယ်လွန်းသော ကိုယ်ရောင်တော်တို့ဖြင့် ထွန်းလင်းတောက်ပနေသော မြတ်စွာဘုရား သခင်ကို ကြည့်ရှုပြန်သည်။

ထိုသို့ ကြည့်ရှုပြီးနောက် အရှင်အာနန္ဒာ

မထေရ်သည် မြတ်စွာဘုရားသခင်အားရှိခိုး၍ လျှောက်ထားသည်။

ဘုန်းတော်ကြီးတော်မူလှသော ရှင်တော်မြတ်ဘုရား ယခု အခိုက်အခါ အချိန်ကာလအတွင်းမှာ နေမင်း၏အရောင်၊ လမင်း၏အရောင်၊ ကောသလမင်းကြီး၏ ကိုယ်ရောင်ကိုယ်ဝါ၊ ရဟန္တာဖြစ်သော အရှင်ကာဠုဒါယီမထေရ်၏ ကိုယ်ရောင်ကိုယ်ဝါနှင့် ရှင်တော်မြတ်ဘုရား၏ ကိုယ်ရောင်ကိုယ်ဝါတည်းဟူသော အရောင်ငါးမျိုးကို တပည့်တော်ကြည့်ရှုရာမှ ရှင်တော်မြတ်ဘုရား၏ ကိုယ်ရောင်တော်သည်သာလျှင် ထိုအရောင်လေးမျိုးကို လွှမ်းခြုံလွှန်မြောက်၍ နှစ်သက်စဖွယ် တင့်တယ်တောက်ပတော်မူပါဘိသည်။ နှိုင်းယှဉ်ဖွယ်ရာ ဥပမာမရှိလောက်အောင်ပင် ရှင်တော်မြတ်ဘုရား၏ ရွှေကိုယ်တော်သည် အလုံးစုံသော အရောင်မျိုးစုံကို လွှမ်းမြောက်၍ ထွန်းတောက်တင့်တယ်လွန်းလှပါပေသည်ဘုရား။

ချစ်သားအာနန္ဒာ နေမင်းသည် နေ့အခါမှသာ ထွန်းလင်းတင့်တယ်တောက်ပနိုင်ပေသည်။ လမင်းသည် ညအခါမှာသာ ထွန်းလင်းတင့်တယ်တောက်ပနိုင်ပေသည်။ ပြည့်ရှင်မင်းတို့သည် အဖိုးထိုက် ရတနာအမျိုးမျိုးဖြင့် စီချယ်ထားသော ချပ်မိန်ညိုကို ဝတ်ဆင်းထားပါမှသာ တင့်တယ်တောက်ပနိုင်ပေသည်။ အာသဝေါကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည် ဈာန်သမာပတ်ဝင်စားနေမှသာ တင့်တယ်တောက်ပနိုင်ပေသည်။ ဘုရားရှင်တို့သည်ကား နေ့မှာဖြစ်စေ၊ ညမှာဖြစ်စေ သီလ၊ ဂုဏ၊ ပညာ၊ ပုည၊ ဓမ္မဟုဆိုအပ်သော ငါးပါးသောတန်ခိုးဓါတ် အရှိန်ဟပ်လျက် မပြတ်တင့်တယ်တောက်ပပါပေသည်ဟု မိန့်မြွက်တော်မူလိုရကား အောက်ပါဓမ္မဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။

မြန်မာပြန်။

- နေမင်းသည် နေ့အခါမှသာ ထွန်းလင်းတောက်ပသည်။
- လမင်းသည် ညအခါမှသာ ထွန်းလင်းတောက်ပသည်။
- ပြည့်ရှင်မင်းသည် စစ်သည်တို့ ခြံရံလျက် တန်ဆာဆင်ထားသည့် ချပ်မိန်ညိုဝတ်ဆင်ထားပါမှသာ တင့်တယ်တောက်ပသည်။
- ရဟန္တာပုဂ္ဂိုလ်သည် ဈာန်သမာပတ်ဝင်စားပါမှသာ တင့်တယ်တောက်ပသည်။

မြတ်စွာဘုရားသခင်သည်ကား အလုံးစုံသော နေ့ညပတ်လုံး တန်ခိုးတော်ဖြင့် ထွန်းလင်းတောက်ပပေသည်သာတည်း။

ဤ၌ ''တေဇသာ''အရ တန်ခိုးတော်ငါးပါးဟူသည်မှာ-

၁။ သီလ = သီလတန်ခိုးဖြင့် သီလကင်းမဲ့ခြင်းကို ကုန်ခန်းစေခြင်း သီလတန်ခိုးတော်။

၂။ ဂုဏ = ဘုန်းတန်ခိုးဖြင့် ဂုဏ်ကင်းမဲ့ခြင်းကို ကုန်ခန်းစေခြင်း ဂုဏတန်ခိုးတော်။

၃။ ပညာ = ပညာတန်ခိုးဖြင့် ပညာကင်းမဲ့ခြင်းကို ကုန်ခန်းစေခြင်းပညာတန်ခိုးတော်။

၄။ ပုည = ကောင်းမှုတန်ခိုးဖြင့် ကောင်းမှုမရှိသူကို ကုန်ခန်းစေခြင်း ပုညတန်ခိုးတော်။

၅။ ဓမ္မ = တရားတန်ခိုးဖြင့် မတရားသူကို ကုန်ခန်းစေခြင်း ဓမ္မတန်ခိုးတော် ဟူ၍ ငါးပါးကို မှတ်သားထားရမည်။

ဤဒေသနာတော်ကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဟောကြားထားတော်မူပါတယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က သံယုတ္တနိကာယ်ပါဠိတော်၊ နိဒါနဝဂ္ဂ ဘိက္ခုသံယုတ်မဟာကပ္ပိနသုတ်မှာ တစ်ကြိမ်၊ ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်အာနန္ဒတ္ထေရဝတ္ထုမှာ တစ်ကြိမ် ပေါင်းနှစ်ကြိမ် ဟောကြားထားပါတယ်။

**သဗ္ဗမင်္ဂလာဂါထာလင်္ကာ**

ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့်
အမှောင်ပယ်ခွင်း ရှင်နေမင်းကား
နေ့ခင်းခါမှ ထွန်းတောက်ပ၏။

အေးမြသာယာ လင်းရောင်ဖြာသည့်
လျှံဝါပဝင်း ရှင်လမင်းကား
ညတွင်းကာလ ထွန်းတောက်ပ၏။

ပြည်မသနင်း ရှင်မင်းဥက္ကဋ္ဌ ဘုရင်မြတ်ကား
ချပ်ဝတ်တန်ဆာ ဆင်ယင်ပါမှ ထွန်းတောက်ပ၏။

ပါပညစ်ဝါတ် မချဉ်းကပ်ဘဲ
ကင်းပြတ်ဝေးကွာ ရဟန္တာရှင်ထေရ်သခင်ကား
ဈာန်ဝင်စားမှ ထွန်းတောက်ပ၏။

နေလ ဘုရင် ရှင်ရဟန္တာ
ဤလေးဖြာထက် လွှမ်းသာကဲမို့
ဂုဏ်မောက်ဖြိုးသည့် တန်ခိုးကြီးမား
မြတ်ဘုရားကား မခြားနေ့ည ထွန်းတောက်ပ၏။
လောကသုံးပါး နတ်လူများတို့
ညွတ်တွားဦးခိုက် ပူဇော်လိုက်သည့်
မဂိုဋ်မှူးကျော် ဦးဆောက်ပန်းသွင်
ဘုရားရှင်ကို ကြည်လင်ညွတ်ကျိုး
ကျွန်ုပ်ရှိခိုး၏၊ ကောင်းကျိုး၊ သိဒ္ဓိ
ကိတ္တိသုခါ မင်္ဂလာသည်
လျှင်စွာမုန်သော ဖြစ်စေသော။

သဗ္ဗမင်္ဂလာ ဂါထာတော်ကို အကြိမ်ကြိမ်ရွတ်ဆို ခြင်းဖြင့် ကုသိုလ်ကောင်းများပွားများကြပါစေကြောင်း ဆုတောင်းလိုက်ရပါသည်။

**နိုင်ကြည်မြင့်**
**သာသနမဓေဝမွာစရိယ**

# လူမိုက်နှင့် လူလိမ္မာ ခွဲခြားသိမြင်ပေါင်းသင်းရေး




လောက၌ လူကိုအမျိုးမျိုးအစားစား ခွဲခြားကြ၏။ လူမိုက်နှင့် လူလိမ္မာ၊ ပစ္စည်းမဲ့နှင့် ပစ္စည်းရှိ၊ ရာထူးမဲ့နှင့်ရာထူးရှိ၊ ဂုဏ်မဲ့နှင့်ဂုဏ်ရှိ၊ တန်ဖိုးမဲ့နှင့်တန်ဖိုးရှိ စသည်ဖြင့် ခွဲခြားကြသည်။ ထိုသို့ ခွဲခြားကြသော်လည်း ပစ္စည်းမဲ့သူကို ပစ္စည်းမဲ့သူအဖြစ်၊ ရာထူးမဲ့သူကို ရာထူးမဲ့သူအဖြစ် သိဖို့လွယ်၏။ ပစ္စည်းရှိသူ၊ ရာထူးရှိသူကိုလည်း သိဖို့လွယ်ရှား၏။ သိဖို့အရေးခက်ခဲသည့်ကား လူမိုက်နှင့်လူလိမ္မာဖြစ်၏။ လူ့သဘောလူ့အကြောင်းသည် အစဉ်းသိ အတွင်းသိဖြစ်ဖို့ ဘေရှည်ပေါင်းသင်းမှ ဖြစ်သည်။ ပေ့လာ မှုးသမ်းမှသည်းဖြစ်သည်။ အတူစား အတူနေ ပြောဟာပေကောင်း သူ့သဘော သူ့အကြောင်း သိနည်းလည်ဖို့ အကျော်ပင်ခက်လှသည်။

လူမိုက်နှင့်လူလိမ္မာ ခွဲခြားရခက်ပေလည်း လူမိုက်ကို လူမိုက်ဟု သိဖို့အကြောင်း အမှတ်အသား လက္ခဏာများက ရှိနေ၏။ လူလိမ္မာကို လူလိမ္မာဟု သိဖို့အကြောင်းအမှတ်အသားကြည့်၍ ခွဲခြားသိရပေ၏။ လူမိုက်၏ အမှတ်အသားလက္ခဏာများက (၁) မကောင်းတာကြံခြင်း၊ (၂) မကောင်းစကားပြောခြင်း၊ (၃) မကောင်းတာလုပ်ခြင်းတို့ဖြစ်သည်။

ထိုအမှတ်အသားလက္ခဏာသုံးရပ်ရှိနေသူကို ပစ္စည်းဥစ္စာကြွယ်ဝသူဖြစ်ဖြစ်၊ ရာထူးဂုဏ်ထူးကြီးသူဖြစ်ဖြစ်၊ ဆွေကြီးမျိုးကြီးထဲကသူဖြစ်ဖြစ် လူမိုက်(ဗာလ)ဟု ဆိုရသည်။

လူမိုက်(ဗာလ)ကို "ဒွေ အတ္တေ လုန္တိတ ဗာလော"ဟု ဖွင့်ဆိုကြ၏။ ဆိုလိုသည်မှာ မျက်မှောက်အကျိုး တမလွန်အကျိုးတို့ကို ဖြတ်တောက်တတ်သူဟု ဆိုပါ၏။ လူမိုက်သည် လက်တွေ့ မျက်မှောက်ဘဝ၌ ရရှိမည့်အကျိုး၊ နောင်တမလွန်ဘဝတို့၌ ခံစားရမည့်အကျိုးကို ဖျက်ဆီးပစ်သည်။ လက်တွေ့မျက်မှောက်ဘဝ၌ ဘေးရန်ကင်းရှင်းအေးမြခြင်း၊ ပရိသတ်အလယ်ရွံ့ရွာမှုကင်းခြင်း၊ ရဲရင့်ခြင်း အစရှိသောအကျိုးများ မရနိုင်၊ အထိတ်ထိတ်အလန့်လန့်ဖြင့် နေရသည်။ ယွှဲဘဝ၌ အကျိုးပေးကောင်း၍ အသက်တန်းကျကျ မျက်နှာပန်းလှလှနေရစေမူ တမလွန်ဘဝ နောက်ပေါက၌ သုဂတိဘုံဘဝချမ်းသာမခံစားရတော့။ ထို့ကြောင့် လူမိုက်ကို အကျိုးနှစ်ပါး ဖြတ်တောက်သူဟု ဖွင့်ဆိုခြင်းဖြစ်သည်။

ထို့ပြင် လူမိုက်(ဗာလ)ကို "ဒွေ အနတ္တေ ဗလန္တိတိ ဗာလော"ဟုလည်း ဖွင့်ဆိုကြ၏။ အကျိုးမဲ့နှစ်ပါးကို ယူတတ်သူဟု ဆိုပါ၏။ လူမိုက်သည် ဒုစရိုက်တရားများ ပြုလုပ်၍ မျက်မှောက်ဘဝ၌ အပြစ်ဒဏ်ခံရခြင်း၊ ဘေးရန်များခြင်း၊ ဂုဏ်ကျက်သရေမဲ့ခြင်း၊ လူများကဲ့ရဲ့ခံရခြင်း၊ အစရှိသော အကျိုးမဲ့များ ရတတ်သည်။ တမလွန်ဘဝ နောက်နောက်လောက၌လည်း လူမိုက်တို့၏သွားရာလမ်းအတိုင်း အပါယ်လေးပ ဘုံဌာနသို့သာ ရောက်ရသည်။ ထို့ကြောင့် လူမိုက်ကို အကျိုးမဲ့နှစ်ပါး ရယူတတ်သူဟု ဖွင့်ဆိုခြင်းဖြစ်သည်။

လူမိုက်၌ ပညာတွေ မည်မျှပင် တတ်သိနားလည်မှု ရှိနေပါလည်း ဒုစရိုက်တရားဆိုးများသာ ပြုကျင့်ခြင်း၊ ရှောင်ကြဉ်ခြင်းမရှိဘဲ တလွဲတချော် ကျင့်သုံးနေသည့်အတွက် ပညာဖြင့် အသက်မွေးသူ မဟုတ်တော့ပေ။ အသက်ရှူရုံမျှဖြင့် အသက်ရှင်နေသူဟု ဆိုရတော့၏။ ထိုသို့ဖြစ်၍ "ဗလန္တိတိ ဗာလော" "ပညာမပါ အသက်ရှူရုံမျှ အသက်ရှင်နေသူ" ဟု လူမိုက်သဘောကို ထပ်ဆင့်ဖွင့်ဆိုကြ၏။

လူလိမ္မာ၏အမှတ်အသား လက္ခဏာများက (၁)ကောင်းတာကြံခြင်း၊ ကောင်းသောစကားပြောခြင်း၊ ကောင်းတာလုပ်ခြင်းတို့ဖြစ်၏။ ထိုအမှတ်အသား လက္ခဏာသုံးရပ် ထင်ရှားရှိနေသူကို လူလိမ္မာပညာရှိဟု ဆိုရသည်။ လူလိမ္မာပညာရှိသည် မျက်မှောက်ဘဝကောင်းကျိုး၊ နောင်တမလွန်ဘဝကောင်းကျိုးနှစ်ပါးကို သိမ်းယူနိုင်၏။ အကျိုးနှစ်ပါးကို သိမ်းယူသည့်

အတွက် လူလိမ္မာပညာရှိဟု ဆိုခြင်းဖြစ်၏။ စာပေနှင့်အတတ်ပညာအမျိုးမျိုး၊ ဝိဇ္ဇာသိပ္ပံ အသွယ်သွယ် တတ်မြောက်သူကို လူလိမ္မာ ပညာရှိ ပညာတတ်ဟု ယနေ့ခေတ်အရ ခေါ်ကြသော်လည်း ကောင်းတာကြံ၊ ကောင်းတာပြော၊ ကောင်းတာလုပ် ထိုသုံးမျိုးမရှိပါက လူလိမ္မာ ပညာရှိဟု မဆိုထိုက်။ လောကအရ စာပေ အတတ်ပညာတွေ ထူးခြားစွာ မတတ်ကျွမ်းသော်လည်းကောင်း၊ မကောင်းမှန် မမှန် ခွဲခြားသိနားလည်၍ ထိုသိသည်အတိုင်း လိုက်နာကျင့်သုံးက လူလိမ္မာပညာရှိဟု ဆိုရသည်။ အတတ်ပညာနှင့်လည်း ပြည့်စုံ၊ အကျင့်သိက္ခာနှင့်လည်း ပြည့်စုံမည်ဖြစ်ပါက လူလိမ္မာပညာရှိ အမည်စာရင်း အပြည့်အဝ ရလေ၏။

လူလိမ္မာပညာရှိသည် ထိုသို့ ကောင်းတာကြံ၊ ကောင်းတာပြော၊ ကောင်းတာလုပ် သဘောသက်ရောက်၍ မျက်မှောက်တမလွန်အကျိုးနှစ်ပါးဖြစ်ထွန်းတော့သည်။ ထို့ကြောင့် ``သဉ္ဇာတာ ပဏ္ဍာ ဧတေသန္တိ ပဏ္ဍိတာ''ဟု ဖွင့်ဆိုကြ၏။ အကျိုးနှစ်ပါးဖြစ်ထွန်းရေးသိနားလည်သော ဉာဏ်အစဉ်ရှိသူဖြစ်၍ လူလိမ္မာပညာရှိဟု ဆိုခြင်းပါတည်း။

ဘုရားရှင်က လောက၌ ဘေးအန္တရာယ်များသည် လူမိုက်ကြောင့်သာ ဖြစ်ရသည်။ ပညာရှိကြောင့်ဖြစ်ရသည် မဟုတ်ဟု ဟောကြားတော်မူ၏။ ထို့ကြောင့် အများတကာ ဆင်းရဲအောင် ဘေးအန္တရာယ်ကို ဖန်တီးသူသည် လူမိုက်သာဖြစ်သည်။ အန္တရာယ်ကင်း ဘေးရန်ရှင်းရေးအတွက် ကြောက်မက်ဖွယ် ကိုလူမိုက်ကို ရှောင်ကြဉ်ရမည်။ လူလိမ္မာပညာရှိသည် အများသူငါချမ်းသာရေးကို ဆောင်ကြဉ်ပေးသည်။ အန္တရာယ်ဖြစ်လာသည်အခါ အကာအကွယ် အစောင့်အရှောက်ကောင်းပေးသည်။ အမိုက်မှောင်၌ အမြင်ကိုရစေသော ဆီးမီးပမာ မှန်ကန်သင့်မြတ်သော အယူအဆ၊ အပြုအမူကို ထင်ရှားပြသည်။ ထို့ကြောင့်လူလိမ္မာပညာရှိကို မြတ်နိုးဖွယ်ပုဂ္ဂိုလ်ဖြစ်၍ ပေါင်းသင်းဆက်ဆံမှီဝဲရမည်။

အကယ်၍ လောကထဲ၌ မိမိထက်သာသောသူသည် မိမိနှင့်ဂုဏ်ရည်တူသော သူမျိုးမတွေ့ပါက တစ်ယောက်တည်းသာ ကျင့်ရပေသည်။ လူမိုက်၌ အပေါင်းအဖော်ကောင်းဂုဏ်ရည်များ မရှိသောကြောင့်ဖြစ်ပါ၏။

**မောင်နိုး-ရွှေဗုဒ်**

# မြင့်သောနေရာမှ မြတ်သောအကျင့်

ကိုအေးမင်း-ပဲခူး

ဗုဒ္ဓဂေါတမသည် အမျိုးသားရေးဝါဒီလား ဆိုသော မေးခွန်းတစ်ခုအပေါ်စဉ်းစားဆင်ခြင်မိရာမှ အတွေးအမြင်များကို ဆန့်ထုတ်မိပါသည်။ ဟစ်ခါက မြတ်စွာဘုရားရှင်သည် သူ့ခမည်းတော်ရှိရာ၊ သူ့ဆွေတော်မျိုးတော်များ နေထိုင်ရာ ကပိလဝတ်ပြည်သို့ကြွသွားရာ ခမည်းတော်နှင့် ဆွေတော်မျိုးတော်များက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ တရားဓမ္မများ နာကြားကြကုန်သည်။ တရားဓမ္မများဟောကြား၍ ဆွမ်းစားချိန်နီးကပ်လာသောအခါ မြတ်စွာဘုရားရှင်က သပိတ်ပိုက်ပြီး ဆွမ်းခံကြွသွားသည်။

အိမ်စဉ်ရပ်၍ ဆွမ်းခံခြင်းအလေ့အထမရှိသေးသော ဗုဒ္ဓဘာသာအမြင်မတွယ်သေးသော သူများဖြစ်၍ ဆွမ်းခံကြွခြင်းကို မြင့်မြတ်သည်ဟု မထင်ဘဲ တောင်းစားခြင်း သက်သက်အဖြစ်ယူဆကာ မှူးမတ်များက ဘုရင့်ထံမှောက်သွားရောက်လျှောက်တင်ကြသည်။ "အရှင်မင်းကြီးရဲ့ သားတော်က အိမ်စဉ်လှည့်ပြီး ထမင်းလိုက်တောင်းနေတယ်"ဟု တိုင်ကြားကြသည်။

ထိုအကြောင်းကိုကြားလျှင် သုဒ္ဓေါဒနမင်းကြီးသည် ဝတ်လဲတော်ပုဆိုးကိုမှ သေချာမဝတ်နိုင်ဘဲ ပုဆိုးစွန်တောင်ဆွဲကာ ဘုရားရှင်ထံမှောက်အပြေးသွား၍ "သားတော် ဘယ်လိုလုပ်လိုက်တာလဲ ခမည်းတော်နဲ့ ဆွေမျိုးတွေကို အရှက်ခွဲလိုက်တာလား၊ သားတော်နဲ့ ရဟန်းတော်တွေကို မကျွေးနိုင်ဘူးထင်လို့လား၊ ဘာဖြစ်လို့များ အိမ်စဉ်လှည့်ပြီး လိုက်တောင်းနေရသလဲ" ဟု လျှောက်ထားလေသည်။

ဗုဒ္ဓဘုရားရှင်က "မင်းကြီးဒီလိုဆွမ်းခံတာဟာ ငါဘုရားဆွေမျိုးစဉ်ဆက် ကျင့်သုံးလာခဲ့တဲ့ ကျင့်ဝတ်ကို ကျင့်သုံးလိုက်တာဖြစ်တယ်" ဟု မိန့်တော်မူလျှင် "သားတော်ဘုရားဟာ မဟာသမ္မတ ခတ္တိယ မင်းမျိုးကစပြီး ယနေ့ထိ တပည့်တော်တို့မျိုးရိုးမှာ တောင်းစားတဲ့သူဆိုလို့ တစ်ယောက်မှမရှိပါဘူး။ ဘာဖြစ်လို့ သားတော်က မျိုးရိုးစဉ်လာလို့ ပြောရတာပါလဲ" မင်းကြီး မဟာသမ္မတခတ္တိယမင်းမျိုးဆိုတာ သင်မင်းကြီးအမျိုးပဲ ငါ့အမျိုးမဟုတ်ဘူး၊ ငါဘုရားအမျိုးဆိုတာက ရှေးဘုရားစဉ်ဆက် သာသနာစဉ်ဆက်က (အမှာက် ဗုဒ္ဓဝံသော)ငါဘုရားအမျိုးပဲ" ဟု မိန့်တော်မူလေသည်။ ဝိနည်းအဋ္ဌကထာမှာပါသည့်ဖြစ်ရပ်မှန်ပါပေ။

ဖြစ်ရပ်မှန်က ဂိုးရိုးသာမန်ဆိုပေမယ့် စဉ်းစားဆင်ခြင်သုံးသပ်ဆုံးဖြတ်စရာတွေကတော့ ဝိဘဇ္ဇဝါဒရဲ့ လမ်းစတွေပင်၊ သိဒ္ဓတ္ထက ဘုရားဖြစ်သွားသည့်အတွက် သာသနာ့အနွယ်ဝင်

စံဝင် သွားပြီမို့ သာကီမင်းမျိုးတို့သည် သူနှင့် မဆိုင်တော့၊ သူ့အမျိုးမဟုတ်တော့တဲ့၊ မှန်လှ ပေသည်။ ဘုရားရှင်ဟူသည် တစ်လောကလုံး တစ်စကြာဝဠာလုံးရှိ သတ္တဝါအားလုံးကို ကိုယ် စားပြုရသည်မဟုတ်ပါလား။ သူ့အမျိုးတွေ အတွက် သီးသန့်ပွင့်လာရသည်မဟုတ်ပေ။ ဤသို့သာဆိုပါလျှင် ဘုရားသားတော် သာသနာ့ အနွယ်ဝင်များကကော ဘယ်လူမျိုးကို ကိုယ်စား ပြုမည်လဲ။ ဘုရားသားတော်၊ သမီးတော်များ သည် ဗုဒ္ဓဝံသ၊ သာသနဝံသတွေပါပဲ။ သို့အ တွက် မြတ်ဗုဒ္ဓဟောကြားသည့် ဓမ္မကိုမြင်မှ ငါဘုရားရှင်ကို မြင်မည်ဆိုတဲ့အတိုင်း ဓမ္မကိုသာ ကိုယ်စားပြုရပါမည်။

ဓမ္မဟူသည် မြန်မာမဟုတ်၊ တရုတ်မဟုတ်၊ အမေရိကန်မဟုတ်၊ မူစလင်မဟုတ်ပေ၊ ဓမ္မ သည် တစ်ကမ္ဘာလုံး၏ အမှတ်တံဆိပ်ဖြစ်သည်။ စကြာဝဠာတိုက်လုံး၏ သင်္ကေတလည်းဖြစ် သည်။ လူမျိုးတစ်မျိုးတည်းက မူပိုင်ခွင့်စာချုပ် လုပ်ပြီး ဘာသာရေး ဘောင်ခတ်သိမ်းပိုက်ထား လို့ မရစကောင်းပေ။ ထိုဓမ္မကို ဖြန့်ဖြူးရသော ဗုဒ္ဓဝံသအနွယ်ဝင်များ လူမျိုးစွဲ၊ ဘာသာစွဲဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အဖွဲ့အစည်းမဖြစ်သင့် ပါပေ။ ဘာသာရေးနှင့်သာသနာရေးကို ကွဲပြား စေချင်သည်။ သာသနာကို စောင့်ရှောက်တာ ဘုရားသားတော် ဗုဒ္ဓဝံသ အနွယ်ဝင်တွေပါပဲ။ မြန်မာမင်းလက်ထက်က သာသနာပိုင်ဆိုသည့် စကားက အင်္ဂလိပ်ခေတ်ကျမှ သုံးတာမို့ သာသနာဆိုတာ ဗုဒ္ဓဘုရားရှင်ရဲ့ ဆိုဆုံးမခြင်း ဖြစ်၍ သာသနာကို ဘယ်သူမှ မပိုင်ပါဘူး။ ဒါကြောင့် သာသနာပိုင်လို့ သုံးရင် မှားတယ်။ သာသနာပြုဆရာတော်ကြီးကို ဘုရင်က ခန့်အပ် ပေမယ့် သူ့ငယ်ဆရာတော်ကိုပဲ ခန့်အပ်တာပါ ဆိုတဲ့ ဆရာကြီးဒေါက်တာသန်းထွန်းရဲ့စကားကို ၅ဉ်းစားစေချင်သည်။

ဘုရားသားတော် သာသနာပြု၊ သာသနာ စောင့်များသည် လူမျိုးတစ်မျိုးကိုသာ ဘာသာ အစွဲနှာအောင် ကိုယ်စားမပြုပေးသင့်ပါ။ မှားနေ လျှင် လမ်းကြောင်းတည့်ပေးသင့်သည်။ အမှန် နှင့်အစားထိုးကာအမှားကို ခွင့်လွှတ် ညွှန်ပြပေး သင့်သည်။ ထိုထက်ပို၍ ကိုယ်ကိုလက်ရောက် မပါဝင်သင့်၊ မပါဝင်ကောင်း။ ဓမ္မသည် မြန်မာ လူမျိုးတို့၏ ဦးပိုင်ဓမ္မမဟုတ်ပါ။ ဓမ္မသည် international law ဖြစ်သည်။ ဓမ္မကို ကိုယ်စားပြုရသော ဗုဒ္ဓသားတော်များသည် မြန်မာလူမျိုးတစ်မျိုးကိုသာ ကာကွယ်သည် ဆိုလျှင် ဓမ္မ၏ အနှစ်သာရသည် ဘောင်ကျဉ်း သွားပေလိမ့်မည်။ မြန်မာလူမျိုးပိုင် ဓမ္မဖြစ်သွား ပေလိမ့်မည်။

မြန်မာလူမျိုးပိုင် ဓမ္မဖြင့် ကမ္ဘာကို မည်သို့ စည်းရုံးမည်နည်း၊ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု ဘယ်လောက်ကျယ်ကျယ် လက်အုပ်ချီနိုင်မည် နည်း။ ဘောင်ခတ်ထားသော ဓမ္မဖြင့် ကမ္ဘာကို

ကျယ်ပြန့်အောင် မည်သို့ဖြန့်ဝေသောသနာပြုမည်နည်း။ အနတ္တ သာသနာကို အတ္တဘာသာရေးလုပ်လို့ ရနိုင်ကောင်းတာမျိုးမဟုတ်ပေ။ ဘာသာရေးသည် လူပုဂ္ဂိုလ်များနှင့်သာဆိုင်၍ သာသနာရေးမှာ ဗုဒ္ဓဝံသအနွယ်ဝင်များနှင့်ဆိုင်သည်။ လူတွေသူတို့ကိစ္စ သူတို့လုပ်ပါလိမ့်မည်။ လူသားတွေအတွက် ၃၈ ဖြာ မင်္ဂလာကိစ္စကိုသာ လမ်းညွှန်ပေးလျှင် ဆရာတာဝန်ကျေပွန်ပေပြီး သမိုင်းမှာ တရားခံဖြစ်မည့်ကိစ္စကို သူများခါးခုတ်ရာ၊ သပ်လျှိုရာဝင်ရောက်မအပ်စပ်သင့်ပေ။

ဗုဒ္ဓသားတော်တွေဆိုတာ ပုဂ္ဂိုလ်ရေးတွယ်တာမှုတွေကို စွန့်လွှတ်ထားသလို သူတို့ရဲ့ မေတ္တာကိုလည်း နယ်စည်းမခြား လွှတ်ပေးထားသူတွေဖြစ်သည်။ ဗုဒ္ဓဘုရားရှင် မေတ္တာသုတ်တော်မှာ ဟောခဲ့တဲ့အတိုင်း ``မိခင်သည် တစ်ဦးတည်းသောရင်သွေးကို အသက်ရှင်မှုအတွက် စောင့်ရှောက်သကဲ့သို့ ဘိက္ခုဆိုတာ ပရိမာဏဖြစ်တဲ့ ငါ့လူမျိုး၊ ငါ့နိုင်ငံဆိုကာ ကွက်ကြည့်တာမျိုး မဖြစ်စေရဘဲ အကန့်အသတ်မဲ့ အပရိမာဏ မေတ္တာမျိုးနဲ့ သတ္တဝါအားလုံးအပေါ် လွှမ်းခြုံတဲ့ မေတ္တာစိတ်ကို ပွားများနေရမည်''လို့ ဟောခဲ့ပါသည်။ သတ္တဝါတွေကို ဒုက္ခတွင်းက ကယ်တင်ဖို့ ကြိုးစားနေတဲ့ မေတ္တာစစ်သားတွေလို့ဆိုရင် မမှားနိုင်ပါပေ။ ဗုဒ္ဓဝါဒမှာ အနှစ်သာရအားဖြင့် ပုဂ္ဂလဓိဋ္ဌာန် ကိုးကွယ်တာကို အားမပေးပါဘူး။ ဓမ္မာဓိဋ္ဌာန်ကျကျ၊ ဓမ္မကိုသာ အားကိုးခိုင်းစားပါ၏။ ဇာတ်ကို နာအောင် လမ်းကြောင်းပေးပြီး ပုဂ္ဂိုလ်ရေး အားကိုးခံနေရမှာ ဖြတ်လမ်းနည်းနဲ့ ကယ်တင်ရှင်လို ကိုးကွယ်ခံချင်လို့ရှိရင် ဗုဒ္ဓသားတော်မေတ္တာစစ်သားတွေ မဟုတ်တော့ပါပေ။

စင်ကြယ်တဲ့ဗုဒ္ဓဝါဒကို ပညာကောင်းကောင်းတတ်သူတွေမှာပဲ တွေ့ရတာဟာ ဘာကြောင့်လဲဆိုတော့ အသိဉာဏ်နည်းသူတွေအတွက် ဗုဒ္ဓဝါဒဟာ နားလည်ဖို့ ခက်ခဲလွန်းတယ်ဆိုသည့် စကားနှင့်ပတ်သက်သည်။ ဘုရားသားတော်တိုင်းက (ဗဟုဇန ဟိတာယ၊ ဗဟုဇန သုခါယ) လူအများ အကျိုးအတွက် အသိပညာတိုးတက်ရေး၊ လူအများချမ်းသာဖို့အတွက် မေတ္တာ၊ ကရုဏာတရားတွေ ပွားများရေးကို အသိဉာဏ်အားနည်းကြပါတယ်ဆိုတဲ့ လူသားတွေရဲ့ ဦးနှောက်ထဲကို အရောက်ပို့ပြီး နှလုံးကောင်းစိတ်မြတ်ဖြစ်အောင် ကြိုးစားသာသနာပြုရမှာဖြစ်သည်။ ကိုယ်ကိုယ်တိုင်နဲ့ ကိုယ့်ပတ်ဝန်းကျင်မှာ အသိပညာနဲ့ မေတ္တာတရားတွေ ပွားများလာအောင် ပြုလုပ်ခြင်းက ခိုင်မာတဲ့ခံတပ်ကို တည်ဆောက်တာဖြစ်သည်။ ဒါကြောင့် ၃၈-ဖြာမင်္ဂလာတရားနဲ့ ကံသုံးပါး ခံတပ်ကို ခိုင်ခံ့အောင် တည်ဆောက်လိုက်ခြင်းဖြင့် အကောင်းဆုံး ခံစစ်ဆိုတာ အကောင်းဆုံး

တိုက်စစ်ဖြစ်လာပါလိမ့်မည်။

မြန်မာနိုင်ငံအတွင်းမှာ နေကြတဲ့ မည်သည့် ဘာသာဝင်ပုဂ္ဂိုလ်မဆို အားလုံးဟာ မေတ္တာစစ် သားတွေ အတွက်တော့ လူသားတွေပါပဲ။ လူ အချင်းချင်း ကွဲပြားစေရင် ဒီဘာသာအနေနဲ့ တန်ဖိုးနိမ့်သွားမှာပါ။ ဦးဆောင်သူဆရာတွေက ဘယ်လူမျိုးနဲ့မဆို သာသနာရေးအမြင်နဲ့ ဘာသာ ဝင်တွေကို ဆုံးမသွန်သင်နိုင်ပြီး နောက်လိုက် ဒကာတွေကလည်း ညီညွတ်အောင် နေနိုင်ကြ မယ်ဆိုရင် ''ဗုဒ္ဓသာသနံစိရံတိဋ္ဌတု'' ရွတ်ဆို သံ ကမ္ဘာကို လွှမ်းလာပါလိမ့်မည်။

သို့အတွက်ဆိုလျှင် လူမျိုးတစ်မျိုးကိုသာ ကာကွယ်ခြင်းတာဝန်သည် သာသနာ့တာဝန်လို့ မဆိုနိုင်ပါပေ။ တစ်ကမ္ဘာလုံး၊ တစ်စကြာဝဠာ လုံးကို သံသရာဘေးဒုက္ခ၊ အိန္ဒြာသေဒုက္ခဘေးမှ ကယ်တယ်ရန်သာ ဗုဒ္ဓဝံသအနွယ်ဝင်များ၏ တာဝန်ဖြစ်သင့်ပါသည်။ လူမျိုးတစ်မျိုး၊ အဖွဲ့ အစည်းတစ်ခုကို ကိုယ်စားပြု စောင့်ရှောက်တယ် ဆိုတာ ဖြစ်သင့်ဖြစ်ထိုက်ပါရဲ့လားဟု မေးခွန်း မေးလာလျှင် ဘယ်လိုဆင်ခြေပေးချင်ပါသလဲ။

လောကပညတ်နယ်ပယ်ထဲမှာ နေထိုင်ကြ သည့် နိုင်ငံတော်သမ္မတ လွှတ်တော်ဥက္ကဋ္ဌ ဆိုသူများပင် ပြည်သူများကို ကိုယ်စားပြုရသည့် အတွက် ပါတီနိုင်ငံရေးကင်းစင်ရသည်ပင်ဖြစ် ပေသည်။ ဓမ္မပရမတ်နယ်ပယ်မှာတော့ ''လူ့ အလုပ်ကို မလုပ်တော့ပါဘူး။ ဝဋ်ဘောင်တို့ လွတ်အောင်ရှန်းထွက်ပါတော့မည်ဟု ဥဒါန်း ကျူးကာ သိမ်ဝင်ခဲ့ပြီး ဓမ္မဖြန့်ဖြူးဖို့ တစ်ကမ္ဘာ လုံးကို ကိုယ်စားပြုနေသူများဖြစ်သည့်''အတွက် လူမျိုးရေးသံယောဇဉ်ဂိုဏ်းဂဏ သံယောဇဉ် အစွဲဥပါဒါန် ကင်းစင်ရပေမည်။ သို့မှသာလျှင် ကမ္ဘာသူကမ္ဘာသားအပေါင်းမှ အမြင်ကြည်လင် လာမည်။ ဘက်လိုက်မှု ကင်းသောဓမ္မအဖြစ် ကမ္ဘာက လက်ခံယုံကြည်လာမည်။

ဗုဒ္ဓတရားတော်တွေက လူကို စည်းရုံးတာ မဟုတ်ဘဲ နှလုံးသားနဲ့ ဦးနှောက်ကို စည်းရုံး တာဖြစ်သည်။ အသိပညာနဲ့ ကရုဏာမေတ္တာ တရားတွေ အားကောင်းလာအောင် ဟောကြ ပြောကြတာဖြစ်သည်။ ဒီအတိုင်းဖြစ်အောင်လည်း ဗုဒ္ဓဝံသအနွယ်တော်တွေ ကျင့်ဆောင်ရမှာဖြစ် သည်။ လောကရေးလည်း မဖျင်းနဲ့၊ ဓမ္မရေး လည်း မယွင်းနဲ့ဆိုထားတော့ လောကရေးတောင် မှ မှန်တိုင်းကောင်းတိုင်း ဘုရားသားတော်များက ဆေးကုလို့မရသလို ဝိနည်းတော်နှင့်အညီ ဓမ္မ ပေတံနှင့် တိုင်းတာရမည်။ ဓမ္မမှတ်ကျောက်နှင့် တိုင်းတာ၍ မှားနေသည်ဆိုလျှင် လောကက ဘယ်လောက်မှန်မှန် ပယ်ချရမည်။ ဓမ္မပေတံ နှင့်တိုင်းတာ၍ မှန်နေသည်ဆိုလျှင်ကား လောကက ဘယ်လောက်မှားမှား ကျင့်ဆောင်ရမည်ဖြစ် သည်။ ''ဝိနည်းတတ်ကြက်သတ်'' ဆိုတာမျိုး ကတော့ အထူးရှောင်ကြဉ်သင့်ပေ၏။

စာမျက်နှာ(၅၉)သို့

# နာဂတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများအကြောင်း

ရဲဝင်း - သထပ(ခန္တီး)

## နာဂတိုင်းရင်းသားများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်း

မြန်မာနိုင်ငံအနောက်မြောက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်နှင့်နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နေထိုင်ကြသော နာဂတိုင်းရင်းသားများသည် သဘာဝပတ်ဝန်းကျင် မြေအနေအထားအပေါ်မူတည်၍-

(၁) တောင်ယာစိုက်ပျိုးခြင်း

(၂) လှေခါးထစ်စိုက်ပျိုးခြင်း

(၃) မြေပြန့်စိုက်ပျိုးခြင်း/ လယ်ယာစိုက်ပျိုးခြင်း

(၄) ဥယျာဉ်ခြံစိုက်ပျိုးခြင်းတို့ဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများဖြစ်ကြပါသည်။

### (၁) တောင်ယာစိုက်ပျိုးခြင်း

#### (က) တောင်ယာခုတ်ခြင်း

နာဂတိုင်းရင်းသားအများစုမှာ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းကို လုပ်ကိုင်ကြသည်။ တောင်ယာကို ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ခုတ်ကြသည်။ နှစ်စဉ် တောင်ယာခုတ်မည့်တောကို တစ်ရွာလုံးစည်းဝေးတိုင်ပင်၍ သတ်မှတ်ကြသည်။ မိမိတို့ကျေးရွာပိုင်နယ်ရှိ တောများကို နှစ်အလိုက် အလှည့်ကျ ခုတ်ထွင်စိုက်ပျိုးကြသည်။ အိမ်ထောင်စုတစ်စုချင်း နယ်နိမိတ်ပိုင်းခြား၍ တစ်တောထဲတွင် စုပေါင်းခုတ်ကြသည်။ နောက်နှစ်များတွင် အခြားတောသို့ အလှည့်ကျရွှေ့ပြောင်း၍ စုပေါင်းခုတ်ထွင် စိုက်ပျိုးကြသည်။ တောင်ယာစတင်ခုတ်မည့်ရက်ကို ဗေဒင်တွက်ချက် ရက်ကောင်းရွေးချယ်ပြီး ဆုတောင်း၍ တောင်ယာနတ်ပူဇော်ပသပြီး ခုတ်ထွင်ကြသည်။

#### (ခ) တောင်ယာမီးရှို့ခြင်း

တောင်ယာခုတ်ထားသော အပင်များ တစ်လကျော်နှစ်လခန့် အခြောက်ခံပြီး မတ်လ (သို့)ဧပြီလများတွင် တောင်ယာမီးရှို့ကြသည်။ စော်ဘွားတစ်ဦးကဖြစ်စေ၊ ရိုးရာသူကြီးကဖြစ်စေ တောင်ယာမီးရှို့ရက်ကို သတ်မှတ်ပေးရသည်။ သတ်မှတ်ထားသည့်ရက်တွင် တစ်ရွာလုံး စုပေါင်း၍ မိမိ တောင်ယာကွက် မိမိမီးရှို့ကြရသည်။ သီးနှံမစိုက်မီ မီးနတ်ပူဇော်ပွဲပြုလုပ်

ဆုတောင်းကြသည်။ တောင်ယာမီးရှို့ပြီးလျှင် အမှိုက်ရှင်းလင်းခြင်း၊ တောင်ယာတဲ ဆောက်လုပ်ခြင်းများ ပြုလုပ်ကြသည်။

## (ဂ) စပါးစိုက်ပျိုးခြင်း

မီးရှို့၍ရှင်းလင်းပြီးသော တောင်ယာကွက်တွင် ဈုးထိုးစနစ်ဖြင့် စပါးစိုက်ကြရသည်။ စပါးစတင်စိုက်ပျိုးရမည့်ရက်ကိုလည်း ရွာလူကြီးတစ်ဦးမှ သတ်မှတ်ပေးရသည်။ တစ်ဦးစီ၏ တောင်ယာတွင် စုပေါင်း၍ အလှည့်ကျလက်စားစနစ်ဖြင့် စိုက်ပျိုးကြသည်။ အမျိုးသားများက ဈုးထိုး၍ စပါးမျိုးစေ့ချရန် ရှေ့မှတူးဆွသွားပြီး အမျိုးသမီးများက ခါးတွင် လွယ်ထားသော ပလိုင်းထဲမှ စပါးမျိုးစေ့များကိုယူ၍ လိုက်ထည့်ကြသည်။ စပါးစိုက်သည့် နေ့တွင်လည်း တောင်ယာသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန် တောင်ယာနတ်ပူဇော်ပသပွဲပြုလုပ်ကြသည်။

## (ဃ) စပါးရိတ်သိမ်းခြင်း

စပါးရိတ်ရာတွင် တံစဉ်ကို အသုံးပြုခြင်းနည်းပါး၍ စပါးနှံများကို လက်ဖြင့်သပ်ချပြီး ပလိုင်းထဲထည့်ကြသည်။ စပါးရိတ်သိမ်းရာတွင်လည်း အလှည့်ကျစုပေါင်းကူညီဆောင်ရွက်ကြပြီး တောင်ယာပိုင်ရှင်မှ အကျွေးအမွေးဖြင့် ဧည့်ခံသည်။ စပါးခြွေပြီးသည်နှင့် တစ်ပြိုင်နက်နိုင်သလောက်ပလိုင်းဖြင့်သယ်ပြီး စပါးကျီထဲထည့်ကြသည်။ စပါးကျီများသည် အိမ်နှင့်တစ်ဆက်တည်းမရှိဘဲ ရွာအပြင်ဘက်နားတွင် သီးသန့်ဆောက်လုပ်ထားကြသည်။ မီးဘေးအန္တရာယ်ကို ကြောက်သောကြောင့် ခပ်လှမ်းလှမ်းတွင် စပါးကျီများကို တန်းစီ၍ ဆောက်လုပ်ထားခြင်းဖြစ်သည်။

## (င) ကောက်သစ်စားပွဲ

တောင်ယာစပါးများ ရင့်မှည့်လာသောအခါ မရိတ်သိမ်းမီ ကောက်သစ်စားပွဲကို ကျင်းပကြသည်။ ကောက်ဦးစပါးများကို တောင်ယာမှယူခဲ့ပြီး စပါးနံ့အနည်းငယ်ကိုလည်း အိမ်တိုင်တွင် ချည်ထားကာ ဆုတောင်း၍ ကောက်ဦးထမင်း၊ ကောက်ဦးစပါးများဖြင့် ပူဇော်ပသပြီး ကောက်သစ်စားကြသည်။ ကောက်သစ်စားပွဲကို စုပေါင်းကျင်းပခြင်းမဟုတ်ဘဲ မိသားစုတစ်စုချင်း မိမိတို့တတ်နိုင်သည့် ဟင်းလျာ ဝက်၊ ကြက်များပေါ်၍ စားသောက်ဧည့်ခံကြခြင်းဖြစ်သည်။ ဆင်းရဲသောမိသားစုပင်လျှင် ကြက်ဥများ ပြုတ်၍ ကောက်သစ်ထမင်းနှင့်စားသောက်ပြီး ဆုတောင်းပွဲ ပြုလုပ်သည်။ စပါးအစေ့အလွင့် မရှိစေရန်၊ နှောင်နှစ်တွင်လည်း စပါးအထွက်ကောင်းစေရန်၊ သီးနှံဖျက်ပိုးမွှား

ကင်းစင်ရန် ဆုတောင်းကြသည်။ မိမိတို့ မိသားစုနှင့်အတူ ဧည့်သည်များအား ဧည့်ခံခြင်း၊ ထမင်းဟင်းများကို အိမ်နီးနားချင်းထံ ဝေငှခြင်းများ ပြုလုပ်ကြသည်။

## (၂) လှေခါးထစ်လယ်ယာစိုက်ပျိုးခြင်း

လေရှီးမြို့နယ်တွင် နေထိုင်သော နာဂမျိုးနွယ်စုများသည် လှေခါးထစ်လယ်ကို လုပ်ကိုင်ကြပြီး အခြားဒေသများတွင်လည်း အနည်းငယ်စမ်းသပ်လုပ်ကိုင်လျှက်ရှိသည်။ နှစ်စဉ် ဧပြီလနှင့် မေလများတွင် လယ်ကိုပေါက်ပြားဖြင့် အကြမ်းပေါက်ထားရသည်။ လယ်ထွန်ရန် အတွက် တောင်ကျချောင်းများမှ ရေသွယ်၍ ကျွဲနွားများဖြင့် ထွန်ယက်စိုက်ပျိုးကြသည်။

## (၃) မြေပြန့်လယ်ယာစိုက်ပျိုးခြင်း

ချင်းတွင်းမြစ်ကမ်းနှင့် မြေပြန့်ဒေသရှိ နာဂမျိုးနွယ်စုများ၊ နန်းယွန်းမြို့နယ်ရှိ နောင်ယန်းအင်းပတ်ဝန်းကျင်ဒေသ၊ လဟယ်မြို့နယ် တိုက်ရုံချောင်းဒေသနှင့် နန့်စလိန်ချောင်း၊ နန့်ဖုတ်ချောင်းဒေသများတွင် လယ်ယာစိုက်ပျိုးခြင်းကို လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

## (၄) ဥယျာဉ်ခြံစိုက်ပျိုးခြင်း

လေရှီးမြို့နယ်တွင် နေထိုင်သော နာဂများသည် ဥယျာဉ်ခြံသီးနှံအဖြစ် လိမ္မော်သီးကို အဓိကထားစိုက်ပျိုးပြီး စီးပွားဖြစ်ရောင်းဝယ်ကြသည်။ အခြားဥယျာဉ်ခြံသီးနှံများကိုလည်း စိုက်ပျိုးကြသည်။ အခြားမြို့နယ်၊ လဟယ်၊ ခန္တီး၊ နန်းယွန်းရှိ နာဂတိုင်းရင်းသားများလည်း ကမ္ဘလာသီး၊ လိမ္မော်သီး၊ ဂရိတ်ဖရုသီးနှင့် အခြားသီးနှံများ၊ ဆောင်းသီးနှံများ စိုက်ခင်းများကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ကြပါသည်။

တောကောင်ပစ်အမဲလိုက်ခြင်း၊ ကျောက်ကွင်းထောင်ခြင်း၊ ငါးဖမ်းခြင်းလုပ်ငန်းများ ပြုလုပ်ကြပါသည်။ လက်မှုလုပ်ငန်းအနေဖြင့် တောင်း၊ ပလိုင်း၊ ခြင်း၊ ဖျာ၊ စကော၊ စကာများ ယက်လုပ်ကြပြီး ရိုးရာထမီ၊ ရိုးရာစောင်တို့ကိုလည်း ဒေသထွက် ဝါ၊ ချော်ပင်တို့ဖြင့် အသုံးပြု၍ ယက်လုပ်ပြီး အသက်မွေးဝမ်းကြောင်းပြုကြပါသည်။

## နာဂတိုင်းရင်းသားများ၏ လူမှုရေး

နာဂတိုင်းရင်းသားများသည် တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီတတ်ခြင်း၊ မိသားစုတစ်စု ကျန်းမာရေးမကောင်း၍ တောင်ယာလုပ်ငန်းအချိန်မီ မပြီးစီးနိုင်ပါက ရပ်ရွာမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်း၊ မိသားစုတစ်စုက သားကောင်ရရှိပါက ရပ်ရွာရှိ အိမ်ထောင်စုအား

ဝေငှပေးကမ်းခြင်း၊ စုဝေးချက်ပြုတ်စားသောက်ခြင်း၊ အပျို၊ လူပျို၊ သမီးရည်းစားချစ်ကြိုက်ပါက သားဖြစ်သူမိဘဘက်မှ အောင်သွယ်(၂)ဦးစေလွှတ်၍ စကားကမ်းလှမ်းနားဖောက်တောင်းရမ်းစေ့စပ်၍ သမီးရှင်မိဘဘက်က ကျေနပ်သည့်အတိုင်းအတာကို ငွေ၊ ကျွဲ၊ နွား၊ နွားနောက်၊ ဝက်အစရှိသဖြင့် တင်တောင်း၍ ရက်ကောင်းရက်မြတ်ကို ရွေးချယ်ပြီး ထိမ်းမြားလက်ထပ်မင်္ဂလာကျင်းပကာ သတို့သား၊ သတို့သမီး(၂)ဦးလုံးဘက်က ဆွေမျိုးသားချင်းတို့အား ပစ္စည်းတစ်ခုခုတို့ဖြင့် ကန်တော့ရပါသည်။ အိမ်ထောင်ပြုပြီး (၁)နှစ်တိတိ သတို့သားသည် သမီးရှင်မိဘအိမ်တွင် တက်နေ၍ အလုပ်အကျွေးပြုရပါသည်။

**မြေမျက်နှာသွင်ပြင်နှင့်ရာသီဥတု**

နာဂတိုင်းရင်းသားများ စုဝေးနေထိုင်ရာ အရပ်ဒေသများသည် မြေပြန့်လွင်ပြင်ဟူ၍ မရှိဘဲ တောင်ကုန်းတောင်တန်းများထူထပ်ပြီး စိမ်းလန်းစိုပြေလျက်ရှိပြီး ပင်လယ်ရေပြင်အမြင့်ပေ(၄၃၄၃)တွင် တည်ရှိပါသည်။

ရာသီဥတုအနေဖြင့် မိုး(၆)လ၊ ဆောင်း(၃)လ၊ နွေ(၃)လ ဖြစ်ပြီး ပျမ်းမျှမိုးရေချိန် (၁၂)လက်မခန့်ရှိပါသည်။

**လမ်းပန်းဆက်သွယ်ရေး**

နာဂတိုင်းရင်းသားအများစု နေထိုင်သောဒေသသည် တောင်ပေါ်ဒေသဖြစ်၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသတစ်ခုဖြစ်ပါသည်။ ပွင့်လင်းရာသီများတွင် ကား၊ ဆိုင်ကယ်ဖြင့် သွားလာနိုင်၍ မိုးရာသီတွင် ခြေလျင်ခရီးဖြင့် သွားလာရပါသည်။

**ရိုးရာအစားအစာ**

နွားနောက်သား၊ ဆတ်သားခြောက်၊ တောဝက်သားခြောက်၊ ဂျီသား၊ ငှက်ပျောဖူး၊ ပဲပုပ်၊ အသားခြောက်ဟင်းရည်(နာဂဟင်းရည်)၊ ရွှေလံဘို၊ ငရုပ်သီးတောင်း၊ ငရုပ်သီးပဲပုပ်မီးအုံး၊ အသားခေါက်ဟင်း၊ ကန်စင်းသီးချက်၊ ကန်စင်းသီးထောင်း၊ ပိန်းဥ၊ မျောက်ဥ၊ ခေါင်ရည်များ စားသုံးကြပါသည်။

**ရိုးရာသီချင်း**

တောတောင်ရေမြေသီချင်း၊ အချစ်အောင်ပွဲခံသီချင်း၊ သားကောင်ရအောင်ပွဲခံသီချင်း၊ ရိုးရာအကတေးသီချင်းများဖြစ်ကြပါသည်။

**ရဲဝင်း**

**သထပ၊ ခန္တီး**



# ပုလေးဝေခါ ကြောက်စရာ

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ ဘီအေ)
ပန်းချီ တင်ထွန်းထွန်း




တစ်ခါသော် သောတာပန်ဥပါသကာနှင့် မိတ်ဆွေဥပါသကာငါးရာ
တို့သည် ရဟန်းသံဃာများ သီတင်းသုံးရန် ကျောင်းဆောက် လှူ
ဒါန်းကြသည်။


သူတို့သည် ကျောင်းသို့ သွားကာ တရားနာကြ၏။


ထိုဥပါသကာတို့၏ မယားငါးရာတို့သည်လည်း အချင်းချင်း ညီညွတ်ကြ၏။ ရံဖန်ရံခါတွင် လင်သားတို့နှင့်အတူ ပန်းနံ့သာတို့ကို ကိုင်ဆောင်ကာ ကျောင်းသို့ တရားနာယူရန် လိုက်ကြသည်။
ကျောင်းသို့ သွားရာ လမ်းတစ်နေရာတွင် ဇရပ်တစ်ဆောင်ရှိရာ ထိုဇရပ်၌ ခေတ္တ နားလေ့ ရှိကြ၏။


တစ်နေ့တွင် အရက်သမား ၃-ဦးသည် ထိုဇရပ်အနီး ရောက်လာရာ နားချုံ ထွက်သွားကြသော ဥပါသကာတို့၏ မယား မိန်းမတို့ကို တွေ့မြင်ကြရသည်။ ထိုအခါ အရက်သမားတစ်ယောက်က မိန်းမတို့၏ အဆင်းကို တပ်မက်ကာ ...
ဒီ သီလရှိတဲ့ မိန်းမတွေထဲက တစ်ယောက်ကို သီလပျက်အောင် ဘယ်သူလုပ်နိုင်မလဲ
ငါ လုပ်နိုင်တယ်


ကောင်းပြီ
မင်းလုပ်နိုင်ရင်
အသပြာတစ်ထောင်
ပေးမယ်...
ထိုသူသည် ခုနစ်ချောင်းရှိသော စောင်းကို တီးကာ နှစ်သက်ဖွယ်
သာယာသောအသံဖြင့် သီချင်းကို သီဆိုလေသည်။


ထိုအခါ မိန်းမတစ်ယောက်သည် စောင်းတီးသူ၏ ဂီတသံကို ယစ်မူးကာ သာယာမိရာမှ သူစောင့်ထိန်းထားသော သီလပျက်တော့သည်။
စောင်းသမားအနိုင်ရ၍ အသပြာတစ်ထောင်ရလေသည်။ ရှုံးသောသူသည် မကျေမနပ်ဖြစ်ကာ ကိုမိန်းမ၏ လင်ယောက်ျားကို တိုင်ပြောလိုက်၏။



အရက်သမားပြောတဲ့ အတိုင်း ဟိုလူနဲ့ မင်း ဖောက်ပြန် မိသလား ...
အို .. မဟုတ်ပါဘူး
မဟုတ်ရပါဘူး မောင်မယုံလျှင် ဟောဟို ခွေးနက်ကြီးကို ရှုထားကာ သစ္စာဆိုပါမည် ... အကယ်၍ ကျွန်မသည် ဖောက်ပြန်မိပါက ဤခွေးနက်ကြီးသည် ဖြစ်လေရာဘဝ၌ ကျွန်မ၏ အသားကို စားပါစေ ...
လင်ယောကျ်ားသည် မယား၏ စကားကို မပသုံ့၍ အခြားအဖော် မိန်းမတို့ကို မေးမြန်းစုံစမ်းသည်။


ထိုအခါ မိန်းမတို့သည် မိန်းမချင်း ကိုယ်ချင်းစာ၍ ကွယ်ရာက ကျိန်ပြောကြသည်။
ငါတို့သည် သိလျက်နှင့် ကွယ်ရာ၌ပြောပါက ဖြစ်ရာ ဘဝ၌ သင့်မယား၏ကျွန် ဖြစ်ပါစေ …
ဖောက်ပြန်မိသော ထိုမိန်းမသေလွန်သောအခါ ဟိမဝန္တာရှိ ရေအိုင်ကြီး အနီးတွင် နေ့အခါ စည်းစိမ်ချမ်းသာ ခံစား၍ ညအခါ ခွေးစားခံရသော 'ဝိမာနပေတီနတ်သမီး' ဖြစ်ရ၏။ ကျန်အဖော်မိန်းမတို့ ထိုနတ်သမီး၏ ကျွန်မများ ဖြစ်ရသည်။
မဟုတ်မမှန် ပြောဆိုမိသော မုသားသစ္စာစကား၏ ကြောက်မက်ဖွယ်ရာရာဇ်ကြောင်း သံဝေဂယူနိုင်ကြရန် တင်ဆက်လိုက်ပါသည်။

# ဓမ္မစကူးလ်ကျောင်းတော်များနှင့် ရင်သွေးငယ်တို့၏ အနာဂတ်

ဘိက္ခုဒဿန – ညောင်တုန်း

“မျိုးကောင်းမှ ပင်သန့်မည်၊ ပင်သန့်မှ အသီးကောင်းမည်” ဟူသော ရှေးထုံးစကား အရလည်းကောင်း “ကောင်းပင်မျိုးမှ ကောင်းကျိုးရ လောကဓမ္မတာ” ဟူသော ဘုရားဟော ဒေသနာအရလည်းကောင်း ဗုဒ္ဓဘာသာ မိသားစုမှ ပေါက်ဖွားလာကြသော ရင်သွေး ငယ်တို့အဖို့ ငယ်ရွယ်စဉ်ကပင် ဗုဒ္ဓ၏ ယဉ်ကျေးလိမ္မာဆုံးမစာများ နှလုံးသားတွင် ကိန်းဝပ်တည်နေသင့်သည်၊ သို့မှသာ မိမိတို့၏ ဘာသာအဆုံးအမများက ထိုရင်သွေးငယ်တို့ နှလုံးသား သန္တာန်၌ အမြုတေများအဖြစ် တည်ရှိကာ ဗုဒ္ဓအဆုံးအမများ ကိန်းဝပ်နေပေလိမ့်မည်။ သို့မဟုတ်ပါက ရင်သွေးငယ်တို့မှာ မိမိ၏ ဘာသာတရားအပေါ် မြတ်နိုးတနာ စိတ်များ လွင့်ပျောက်ပြီး တန်ဖိုးထားရမှန်း မသိဘဲ အမျိုးဂုဏ်များ ယုတ်နိမ့်ကျဆင်းသွားမှာက အမှန်ပင်ဖြစ်ပါလိမ့်မည်။ ဤအရေးကို သဘော သာမန်မထားရှိဘဲ အချိန်မီတာဝန်ရှိသူမှန်သမျှ တာဝန်သိစိတ်တို့ဖြင့် ရင်သွေးငယ်တို့၏ နှလုံးသားသို့ ယဉ်ကျေးမှု အမွေအနှစ်များ ရောက်ရှိအောင် ဝိုင်းဝန်းဆောင်ရွက်သင့်သည် မဟုတ်ပါလော။

ဤကဲ့သို့ ရင်သွေးငယ်တို့၏ နူးညံ့သော နှလုံးသားပေါ်တွင် သိမ်မွေ့နူးညံ့သော ဗုဒ္ဓ၏ ယဉ်ကျေးမှုစာပေများ အချိန်မီ သွန်းလောင်းပေးနိုင်ကြမည်ဆိုလျှင် ရင်သွေးငယ်တို့၏ နှလုံးသားမှာ နူးညံ့ပျော့ပျောင်းလာပြီး ထာဝရ လန်းဆန်းသော “ပန်းဥယျာဉ် ကြီးသဖွယ်” လောကပတ်ဝန်းကျင်ကို နှလုံးသားအလှတို့ဖြင့် တန်ဆာ ဆင်နိုင်ပါလိမ့်မည်။ နူးညံ့ ပျော့ပျောင်းသော ယခုလို ငယ်ရွယ်စဉ်အခါက ပုံသွင်းမှု မပြုနိုင်ပါမူ သက်ရွယ်ကြီးရင့်သော အခါ၌ မည်သို့ပင် ပုံသွန်းလောင်းပါသော်လည်း မိမိတို့လိုလားသည့် ပုံစံမျိုး ရနိုင်တော့မည် မဟုတ်ပေ။

မျက်မှောက်ခေတ်ကို ဖြတ်သန်းနေ

ကြသော ဗုဒ္ဓဘာသာဝင် မိသားစုများမှ မွေးဖွားပေးလိုက်သော မျိုးဆက်သစ်လူငယ်တို့၏ ပုံရိပ်ကို ကြည့်ခြင်းအားဖြင့် မှန်းဆနိုင်ပေမည်။ ထိုမျိုးဆက်သစ်တို့ရင်ထဲတွင် ဗုဒ္ဓယဉ်ကျေးမှုအငွေ့အသက်များ ခန်းခြောက်နေသည်ကို တွေ့မြင်နေရသည်။ ဤအတိုင်းသာ လက်ပိုင်ကြည့်နေမည်ဆိုက အကောင်းဖက်သို့ ဦးတည်မလာနိုင်ပေ။ အခြေအနေဆိုးတစ်ခုဆီသို့ ဦးတည်သွားပေမည်။ ထိုအဖြစ်ဆိုးမှသည် အမျိုးဘာသာသာသနာ ကွယ်ပျောက်သွားသည်ထိ ရောက်ရှိသွားနိုင်သည်။ အတူတကွလက်တွဲဆောင်ရွက်မည်ဆိုက ကျွန်ုပ်တို့တွင် အချိန်မနှောင်းသေးပါ၊ ထို့ကြောင့် ကျွန်ုပ်တို့သည် အားသွန်ခွန်စိုက်ပြီး ရင်သွေးငယ်တို့၏ နှလုံးသားထဲသို့ အချိန်မီ ပို့ပေးရန် အထူးလိုအပ်နေပေပြီ။

ဤအခြေအနေမျိုးကို သတိထားမိသောတာဝန်သိ ဆရာတော် သမတော်များနှင့် အသိပညာရှင် အတတ်ပညာရှင် ငွေကြေးတတ်နိုင်သူတို့ စုစည်း၍ ရင်သွေးငယ်တို့အတွက် အားတက်စရာ "ဓမ္မစကူးလ်" ကျောင်းတော်များ ပေါ်ထွန်းလာအောင် ဆောင်ရွက်နေခြင်းကို လက်ကမ်းကြိုဆိုရမည်။ မိမိတို့ကလည်း ထိုအခွင့်အရေးမျိုး လက်လွှတ်မခံဘဲမိမိတို့နေထိုင်ရာ မြို့ရွာနယ်ပယ်တွင် ထိရောက်စွာ အသုံးချမည်ဆိုပါက မျိုးဆက်သစ် ရင်သွေးငယ်တို့အတွက် အနာဂတ် ရောင်ခြည်များတောက်ပလာမည်မလွဲပင်။

ယခုအခါ၌ ဗုဒ္ဓယဉ်ကျေးမှုစာပေများကို (CCA)ကလေးဗဟိုပြု ချဉ်းကပ်နည်းစနစ်ဖြင့် သင်ပေးလာနိုင်သည့်အတွက် သင်ယူကြသော ရင်သွေးငယ်များအဖို့မှာလည်း တစ်မူထူးဆန်းပြီး အားတက်သရော သင်ယူနေကြသည်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ရသောကြောင့် ပို၍ပင်အားရကျေနပ်မိပါသည်။ မည်သည့်ပုံစံမျိုးဖြင့် သင်ယူသည်ဖြစ်စေ ရင်သွေးငယ်များ မသင်မရှိရလေအောင် သင်ယူနိုင်ရေးအတွက် ကျွန်ုပ်တို့နှင့်တကွသော ဗုဒ္ဓဘာသာကိုးကွယ်နေကြသော မိသားစုအားလုံးတွင် တာဝန်ကိုယ်စီရှိနေသည်မလွဲမသွေပင် ဆောင်ရွက်မှုပြုကြရမည်။

မိဘများကလည်း မိမိတို့၏ သားငယ်သမီးငယ်များကို ဓမ္မစကူးလ်ကျောင်းတော်များသို့ သင်ယူနိုင်အောင် တိုက်တွန်းပြောဆို

မှုများ ပြုပေးရမည်ဖြစ်သလို သင်ကြားပေးသော ဘုန်းတော်ကြီးများနှင့် ဆရာ/ဆရာမများအနေဖြင့်လည်း ရင်သွေးငယ်များ တက်တက်ကြွကြွ သင်ယူချင်စိတ်များကိန်းဝပ်လာအောင် ဆွဲဆောင်မှုများဖြင့် သင်ကြားပေးနိုင်ရမည်။ ထို့ပြင် ထိုရင်သွေးငယ်တို့ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံခန်းမအတွင်း(သို့) စာသင်ခန်းမအတွင်းသို့ ရောက်ရှိအောင် တာဝန်ရှိ၊ တာဝန်သိသော လူပုဂ္ဂိုလ်များမှလည်း ကလေးများကို အာဟာရဒါနများဖြင့် တိုက်ကျွေး၍ စည်းရုံးသင့်ပါသည်။ ဤသို့ သုံးဦး သုံးဖလှယ် ဆောင်ရွက်နိုင်ခဲ့ပါမှ ရင်သွေးငယ်များကလည်းအားရ ဝမ်းသာစွာဖြင့် ဓမ္မစကူးလ်ကျောင်းတော်များသို့ ပျော်ပျော်ပါပါးလာရောက်၍ ယဉ်ကျေးလိမ္မာဆုံးမစာများ သင်ယူကြမည်က အမှန်ပင်။

မိမိတို့သီတင်းသုံးနေထိုင်သော ဧရာဝတီတိုင်းဒေသကြီး၏ မအူပင်ခရိုင်-ညောင်တုန်းမြို့နယ်တွင်ကား ယခုအခါတွင် ဓမ္မစကူးလ်ကျောင်းတော်များကို မြို့ရော နယ်ပါ(၆၅) ကျောင်းခန့် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ လာမည့် ၂၀၁၅-ခု၊ အောက်တိုဘာလ ၂၄-ရက်နေ့တွင် ဆဋ္ဌမအကြိမ်အဖြစ် ကျန်နေသော ကျေးရွာနယ်ပယ်များတွင် အသစ်ဖွင့်လှစ်နိုင်ရန် မိမိနှင့်အတူမြို့နယ် ဓမ္မစကူးလ် ကော်မတီမှ ဦးစီး၍ စီစဉ်ဆောင်ရွက်နေပါသည်။ အခြားအခြားသော မြို့နယ်တိုင်း မြို့နယ်တိုင်းနှင့် ကျေးလက်ဒေသအသီးသီးတွင် ဓမ္မစကူးလ်ကျောင်းများ အသီးသီးပေါ်ထွက်လာနိုင်မည်ဆိုလျှင် မိမိတို့၏ အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များအတွက် စိတ်အားတက်စရာ အချက်တစ်ခု ဖြစ်မည်ဆိုသည်မှာလည်း ယုံမှားစရာ မရှိနိုင်ပေ။

ဤသို့ ယဉ်ကျေးလိမ္မာ ဓမ္မစကူးလ်ကျောင်းတော်ဆီသို့ ရင်သွေးတို့ အပတ်စဉ်ရောက်ရှိရေးနှင့် သင်ကြားနိုင်စေရန် "အားသုံးအား"လိုအပ်လှသည်ဟု ထင်မြင်ယူဆမိသည်။ ယင်း "အား-သုံးအား"အနက်-

(၁) ပထမအားမှာ အုပ်ထိန်းသူ မိဘတို့၏ အား-ပင်ဖြစ်ပေသည်။ မိဘအုပ်ထိန်းသူတို့သည် မိမိတို့၏ ရင်သွေးငယ်များကို ထိုဓမ္မစကူးလ်ကျောင်းတော်များသို့ တက်ရောက်နိုင်စေရန် တွန်းအားပေးရမည်။ ချော့မော့၍သော်လည်း တက်ရောက်စေသင့်သည်။ အသား

ကျလာသည့်အခါတွင် ရင်သွေးငယ်တို့မှာ ခမ္မစကူးလ်ကျောင်းတက်ရသည်ကို ပျော်ရွှင်စရာ အလုပ်တစ်ခုလို သဘောထားကာ တက်ရောက်လာကြပေမည်။ ထိုအခြေအနေမျိုးသို့ ရောက်ရှိအောင် ပံ့ပိုးပေးရန်မှာ မိဘတို့၏ ပထမတွန်းအားပေးမှုများပင် ဖြစ်လေသတည်း။

(၂) ဒုတိယ အား-က သင်ကြားပေးမည့် ဘုန်းတော်ကြီးများနှင့် ဆရာ/ဆရာမတို့၏ အားပင်ဖြစ်လေသည်။ သင်ကြားပေးမည့် ဘုန်းတော်ကြီးများနှင့် ဆရာ/ဆရာမတို့သည် ရင်သွေးငယ်တို့ စိတ်ဝင်စားအောင် ဆွဲဆောင်မှုအပြည့်ဖြင့် သင်ပေးနိုင်မှသာ ရင်သွေးငယ်တို့ သဘောကျ နှစ်ခြိုက်ပြီး သူတို့၏အားလပ်ရက် အချိန်တွင် ယဉ်ကျေးလိမ္မာ ဆုံးမစာများကို ပျော်ရွှင်စွာ သင်ယူကြလိမ့်မည်။ ထို့ကြောင့် သင်ကြားပေးမည့် ဘုန်းတော်ကြီးများနှင့် ဆရာ/ဆရာမများသည် ရင်သွေးငယ်တို့ စိတ်အားတက်စေရန် ပျင်းရိဖွယ်မဖြစ်အောင် သင်ကြားပုံကအစ စည်းရုံးနိုင်ခြင်းသည်လည်း အရေးကြီးသော ဒုတိယအားတစ်ခုပင်ဖြစ်လေသည်။ ရင်သွေးငယ်များအား နွေးထွေးသော ကမ်းလက်များဖြင့် ကြိုဆိုလျက် နွေးထွေးစွာ ဆက်ဆံပေးပြီး မိမိလိုချင်သော ပုံကိုဖော်ဆောင်ပေးရမည်။ ရင်သွေးငယ်များသဘာဝ အရ ၄င်းတို့အကြိုက် လိုက်လျော၍ ပြုမူဆက်ဆံပေးသူကို အမြဲခင်တွယ်သည်ဖြစ်ရကား ဦးဆောင်ဆရာတော်တို့နှင့် ဆရာ/ဆရာမများလည်း ဒုတိယအားကို ထိထိမိမိ အသုံးချရန် အရေးကြီးလှသတည်း။

(၃) တတိယအား-ကတော့ ပံ့ပိုးမှု အားပင်တည်း၊ ရင်သွေးငယ်တို့သဘာဝအလျောက် ၄င်းတို့မှာ အစာအဟာရကို ခုံမင်တတ်သော သဘာဝ ကိုယ်စီရှိကြလေသည်။ စားကောင်းသောက်ဖွယ် အစာအဟာရကို စားရမှ မဟုတ်၊ သင့်တင့်သောမှန်စသော အစာအဟာရသုံးဆောင်ရပင်လျှင် ဝမ်းသာအားရစမြဲဖြစ်သောကြောင့် တာဝန်ရှိသူတို့က ထိုရင်သွေးငယ်တို့အတွက် အပတ်စဉ် အာဟာရဒါနများ တိုက်ကျွေးနိုင်အောင် စီစဉ်ပေးရပါလိမ့်မည်။ အချေမတည်ခင် ကာလ အပိုင်းအခြားတစ်ခုထိဆောင်ရွက်နိုင်မည်ဆိုပါက ကျွန်ုပ်တို့၏ အနာဂတ်မျှော်မှန်းချက်များ မလွဲမသွေအောင်မြင်မှုရရှိနိုင်မည်။ ထို့ကြောင့် ''အား-သုံးအား'' တွင် တတိယ အား-က အလွန်အရေးပါလှ

ပေးသည်။ တတိယ အား(ပုံပိုးမှု)ကောင်းမှ သာ ဒုတိယအား-ကလည်း အားကောင်းလာမည်။ တတိယ အား-လျော့ကျသွားမည်ဆိုပါက ဒုတိယ အား-ကလည်း အားနည်း၍ မကြာမီ ယန္တယားကြီးတစ်ခုလုံး ရပ်သွားကာ ကျွန်ုပ်တို့မျှော်လင့်ချက်မှန်သမျှ ပျက်သုဉ်းသွားနိုင်ပါသည်။ ထို့ကြောင့် တတိယ အား-ကို ခိုင်မြဲအောင် မယိုင်လဲအောင် ပြုလုပ်ကြရပေမည်။

ဗုဒ္ဓဘာသာဝင်(၈၇%)ကျော်ရှိသော မြန်မာတိုင်းရင်းသားများအဖို့ ဟန်ချက်ညီညီ လက်တွဲကာ ဆောင်ရွက်မည်ဆိုပါက မဖြစ်နိုင်စရာ အကြောင်းမရှိဟု မိမိအနေဖြင့် ထင်မြင်ယူဆ မိပါသည်။ စာရေးသူ ကိုယ်တိုင် သီတင်းသုံးနေထိုင်သော ညောင်တုန်းမြို့မှာပင် ဓမ္မကူးလ်ကျောင်းတော်များအမြဲတစေ သင်ကြားနိုင်ရေး၊ ရင်သွေးငယ်တို့အား အမြဲတစေ အာဟာရ ဒါနများ တိုက်ကျွေးနိုင်ရေး အတွက် အဓိက ဦးဆောင်ဆရာတော်တစ်ပါး အဖြစ် ပါဝင်ကာ အားသွန်ခွန်စိုက်ဆောင်ရွက် လျက်ရှိနေပါသည်။ ဘုန်းတော်ကြီးများသည် ခေတ်စနစ်ကို နောက်ပြန်ဆွဲမနေပဲ အမျိုးဘာသာ သာသနာ ယဉ်ကျေးမှုများ ရင်သွေးငယ်တို့၏ နှလုံးသားထဲတွင် စွဲမြဲလာအောင် ညီညာလက်တွဲဆောင်ရွက်ရပေမည်။ မိမိတို့၏ ပရိယတ်၊ ပဋိပတ် လုပ်ငန်းမှအပဖြစ်သော မိမိတို့၏ အမျိုးဘာသာ မကွယ်ပျောက်အောင် ယခုကပင် ကြိုတင်ပြင်ဆင်ထားမှ နောင်ရေး အတွက် စိတ်အေးရပေမည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့ ဘာသာရေးခေါင်းဆောင်များသည် တာဝန်မကျေပွန်သူများအဖြစ် သမိုင်းစာမျက်နှာတွင် အမည်းစက်တင်ကျန်ရစ်မည်မှာ မလွဲပင်။

ယခုအခါသမယတွင် ရင်သွေးငယ်တို့ အတွက် အတန်းလိုက် ပြဋ္ဌာန်းပေးထားသော ဗုဒ္ဓယဉ်ကျေးမှု သင်ခန်းစာများလည်း အသီးသီးရှိနေပြီဖြစ်သည့်အတွက် မိမိတို့ရပ်ရွာ မိမိတို့နယ်ပယ် မိမိမြို့နယ် ပြည်နယ် တိုင်းဒေသကြီးအသီးသီးတွင် တာဝန်ရှိသူ ဗုဒ္ဓဘာသာဝင် မှန်သမျှ ဝိုင်းဝန်း၍ တက်ညီ လက်ညီ "ဓမ္မစကူးလ်ကျောင်း"အသစ်များ ပေါ်ထွန်းလာအောင် ပေါ်ပေါက်ပြီးသော ဓမ္မစကူးလ်ကျောင်းများကို ရေရှည်စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်လျက် အစဉ်တည်မြဲအောင် ဆောင်ရွက်ကြရင်းဖြင့်.....

**ဘိက္ခုဒသသန-ညောင်တုန်း**

# ရင်နှစ်သည်းခြာ အလိမ္မာကညာ

အိမ်ထောင်ရှင်
အမျိုးသမီးကောင်းတစ်ယောက်၏
ဂုဏ်အရည်အချင်း



ဖူးပွင့်ဝေ

“မင်္ဂလာပါဆရာမ”

“မင်္ဂလာပါ တပည့်တို့”

တပည့်တို့ရေ ဆရာမက ဒီနေ့မင်းတို့ကို အိမ်ထောင်ရှင်အမျိုးသမီးကောင်းတစ်ယောက်ရဲ့ ဂုဏ်အရည်အချင်းတွေကို ပြောပြမယ်ကွဲ့. မင်းတို့ဒီအကြောင်းတွေကို သိကြရဲ့လားကွဲ့။

“မသိပါဘူးဆရာမ”

အေးမသိရင် ဆရာမ ရှင်းပြမယ်ကွဲ့၊ မယားကောင်း၊ မယားမြတ်အမည်ခံသော မိန်းမတို့သည် အောက်ပါအရည်အချင်းတွေနဲ့ပြည့်စုံရမယ်ကွဲ့။

- အိပ်ရာနေရာ၊ အစားအသောက်တို့ကို သန့်ရှင်းစင်ကြယ်စွာ စားသောက်နေထိုင်လေ့ရှိခြင်း၊
- အခြားယောက်ျားတစ်ပါးသို့ စိတ်နှလုံး မကူးခြင်း၊
- လင်ရှာဖွေရသော ဥစ္စာပစ္စည်းတို့ကို ကောင်းမွန်လုံခြုံစွာ ထိန်းသိမ်းခြင်း၊
- လင့်နောက်မှ အိပ်လေ့ရှိခြင်း၊
- လင်၏အလုပ်အကြံအစီအမံကို ခံယူ၍ ကူညီရခြင်း၊
- လင့်အာဏာကို မဖီဆန် လင်၏အလိုကို လိုက်၍ ပြုစုခြင်း၊
- လင်အားချစ်ဖွယ်သောစကားကို ပြော

ဆိုလေ့ရှိခြင်း၊

- အပူ၊ အချမ်းတို့ လျော်စွာလင်အား ဝတ်ဆင်ပေးရခြင်း စသည့်ဖြင့် ဘုရားရှင်က ဟောကြားလမ်းညွှန်ထားတယ်ကွဲ့၊ ဒီကျင့်စဉ်တွေဟာ မင်းတို့ငါတို့ အမေတွေဖြစ်တဲ့ အိမ်ထောင်ရှင်အမျိုးသမီးတွေ၊ မယားကောင်း မယားမြတ်တွေ ကျင့်ရမည့်ကျင့်ဝတ်တွေကွဲ့၊ ယခုမိမိသိပြီးရင် မင်းတို့ မိခင်တွေကို ပြောပြကြကွဲ့၊ မိခင်တွေကို ပြောပြမယ်မဟုတ်လားကွဲ့။

"ပြောပြပါမယ်ဆရာမ"

အေးအဲဒီလို ဘုရာဟောလောကနီတိကျမ်းပြုဆရာက ပြန်ရေးပြထားတာရှိတယ်ကွဲ့၊ သူရေးပြထားတာကတော့ စားသောက်သောအခါတွင်လည်းကောင်း၊ အဝတ်တန်ဆာပြုပြင်စီရင်သောအခါ၌လည်းကောင်း၊ အမိကဲ့သို့နှစ်သက်ဖွယ်ပြုပြင်တတ်ခြင်း၊ လျှို့ဝှက်အပ်သော မကျစ်မလစ်သောအရာတို့၌ နှမကဲ့သို့ ရှက်တတ်ခြင်း၊ အမှုကိစ္စဆောင်ရွက်သောအခါ၌လည်းကောင်း၊ လင်အနီးအပါးသို့သွားသောအခါ၌လည်းကောင်း ကျွန်မကဲ့သို့ ရိုသေစွာပြုမူသွားတတ်ခြင်း၊ ဘေးဒုက္ခကြုံတွေ့သောအခါ တိုင်ပင်ဖော်ရခြင်း၊ အိပ်သောအခါ လင်ကိုမွေ့လျော်စေခြင်း၊ အရောင်အဆင်း ပြုပြင်ခြင်း၌ တင့်တယ်စွာ ပြုတတ်ခြင်း၊ အမျက်ထွက်ရန်ရှိသောအခါ အမျက်ကို သီးခံထိန်းသိမ်းထားတတ်ခြင်း၊ ဤသို့ ပြုမူတတ်သော မယားသည် မယားမြတ် ဖြစ်၍ သေသောအခါ နတ်ပြည်သို့ သွားရတတ်တယ်ကွဲ့။

အဲဒါတွေအပြင် မယားမြတ်ဖြစ်ကြောင်း အင်္ဂါ(၄)ပါးဆိုတာလည်းရှိသေးတယ်ကွဲ့၊ မိန်းမမြတ်ဖြစ်ရန် ကျင့်ရမည့် ကိုယ်ကျင့်တရားများကို ဘုရားရှင်က ကောသလမင်းကြီးကို အောက်ပါအတိုင်း ဟောခဲ့ပါသည်။ အဲဒါတွေကတော့ကွယ် -

၁။ အကျင့်သီလက္ခန္ဓသိက္ခာရှိရမည်၊

၂။ အမြော်အမြင်ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံရမည်၊

၃။ ယောက္ခမ၊ မိဘတို့ကို အိမ်ဦးနတ်ကဲ့သို့ ဆည်းကပ်ရမည်၊

၄။ လင်ကိုရိုသေမြတ်နိုးရမည်၊ အဲဒီအကျင့်မြတ်တွေကတော့ မယားမြတ်ဖြစ်ကြောင်း အကျင့်ကောင်းတွေဖြစ်တယ်ကွဲ့။

အဲဒါတွေအပြင် သိင်္ဂါလောဝါဒသုတ်လာ

အိမ်ထောင်ရှင်မယားတို့ ပြုကျင့်ရမည့်ဝတ္တရားများလည်း ရှိသေးတယ်ကွဲ့။

အဲဒါတွေကော သိချင်ကြလားကွဲ့။

''သိချင်ပါတယ် ဆရာမ''

အေးအဲဒါတွေကတော့ကွယ်

- အိမ်တွင်းမှုပြုလုပ်ဖွယ်တို့ကို စေ့စပ်သေချာစွာပြုလုပ်ရမည်။

- လင်ရှာဖွေ၍ရသော ဥစ္စာပစ္စည်းတို့ကို စုဆောင်းသိမ်းဆည်းကာတ်ရမည်။

- မိမိလင်မှတစ်ပါး အခြားယောကျ်ားတို့ကို မတပ်မက်ရ။

- မိမိဆွေမျိုး၊ လင်ဆွေမျိုးတို့ကို သင့်လျော်စွာ ပေးကမ်းချီးမြှင့်ရမည်။

အပျင်းမဟူ၊ အိမ်သူမီသစွာနေထိုင်ဟတ်ရမည် စသည့်အိမ်ထောင်ရှင်မယားတို့ ပြုကျင့်ရမည့် ဝတ္တရားတွေဖြစ်တယ်ကွဲ့။

မြတ်စွာဘုရား ယက်ထက်တော်ကကော်ပင်သော မယားမြတ်လေးဦးရှိခဲ့တယ်ကွဲ့၊ အဲဒီလေးဦးကို မင်းတို့ သိချင်ကြလားကွဲ့။

''သိချင်ပါတယ် ဆရာမ''

အေးသိချင်ရင် ဆရာမပြောပြမယ်ကွဲ့၊ မင်းတို့သေသေချာချာနားထောင်ပြီး နောက်မင်းတို့ အမေတွေ၊ အဒေါ်တွေ၊ အမတွေကိုလည်း ပြန်ပြောပြရမယ်နော်။

''ဟုတ်ကဲ့ပါ ဆရာမ''

အဲဒီတော်ဝင်မယားမြတ်လေးဦးကတော့ကွယ် -

၁။ မယားမြတ် အမရာဒေဝီ

၂။ မယားမြတ် စန္ဒကိန္နရီ

၃။ မယားမြတ် မဒ္ဒီဒေဝီ

၄။ မယားမြတ် သမ္မုလဒေဝီတို့ ဖြစ်ကြတယ်ကွဲ့။ သိကြပြီလား။

''သိပါပြီဆရာမ''

အေး အဲဒီတော်ဝင်မယားမြတ်လေးဦးရဲ့ အကြောင်းအကျယ်ကိုတော့ မင်းတို့ကြီးလာတော့မှ ဇာတ်ကြီးဆယ်ဘွဲ့ဆိုတဲ့ ဇာတ်တော်ကြီးတွေမှာ ဖတ်ကြပေါ့ကွယ်။

ကဲဒီနေ့တော့ ဒီလောက်နဲ့ဘဲ အတန်းနားကြစို့။

''မင်္ဂလာပါဆရာမ''

''မင်္ဂလာပါတပည့်တို့''

**ဌးမွင့်ဓဝ**

# မြန်မာနိုင်ငံ ရိုးရာပါဠိစာပေသင်ကြားရေး

# Traditional Pali Studies in Myanmar

ဦးအောင်သိန်းညွန့် (ဒု-ညွှန်ချုပ်(ငြိမ်း) သာသနာရေး)
U Aung Thein Nyunt (Retd. DYDG Religious Affairs)

**ရှေးပျူမြန်မာတို့အသုံးပြုခဲ့သည့် ပါဠိဘာသာ**

ပြည်ခရိုင်၊ မှော်ဇာမြို့နယ်၊ ခင်ဘကုန်းရွာတွင် အစိုးရရှေးဟောင်းသုတေသနဌာနက တူးဖော်ခဲ့ရာ ရွှေပေလွှာ ၂၂ ချပ်ကို တွေ့ရှိခဲ့ပြီး အဆိုပါရွှေပေလွှာများပေါ်တွင် "ယေဓမ္မာ ဟေတုပ္ပဘ ဝါ"၊ မောရသုတ်၊ ဝဋ္ဋသုတ်၊ ပဋိစ္စသမုပ္ပါဒ စသည်တို့ကို ပျူအက္ခရာဖြင့် ရေးထိုးထားသည်ကို တွေ့ရှိရပါသည်။ ယင်းအချက်ကို ထောက်ရှုသော် ရှေးပျူမြန်မာတို့သည် ပါဠိဘာသာစကားနှင့် ရင်းနှီးကျွမ်းလျက်ရှိခဲ့ကြပြီး ထိုခေတ်ကာလများတွင် ဘုရားဟောပါဠိမူခပါဠ်တော်များကို အလွန်ကျက်မှတ်နိုင်ခဲ့ကြကြောင်း ကောက်ချက်ချနိုင်ပါသည်။

**Pli Language in Pyu Age of Old Myanmar**

The government archeological department excavated grounds of Khinba gone village, in Hmawzar township, Pyay district and they found 22 gold parchments there on which Pali words in Pyu character were inscribed the words: Ye dhammar he on which Pali words in Pyu character were inscribed the words: Ye dhammar he tuppabava and scripts of Mora sutta, Vatta sutta Paticcasam-uppadaetc. With reference to these supporting evidence, we can make an inference that' old Pyu Myanmar were familiar with and able to memorize the sacret Pali words in those days.

တရုတ်ထန်မင်းဆက် သမိုင်းမှတ်တမ်းများတွင် ပျူမြို့တော်တွင် တံခါးတစ်ဆယ့်နှစ်ပေါင်ရှိကြောင်း၊ မြို့တော်နေရာလေးခု၌ စေတီတော်ကြီးများတည်ထားကြောင်း၊ မြို့ရိုးများကို စဥ့်အုတ်များဖြင့်တည်ဆောက်ထားကြောင်း၊ အိမ်

ခြေပေါင်းတစ်သောင်းကျော်ရှိပြီး အနီရောင်၊ အဝါရောင်များဖြင့် ရေးချယ်ထားသော ဘုန်းတော်ကြီးကျောင်းပေါင်း တစ်ရာကျော်ရှိကြောင်း၊ ယောကျ်ားကလေး၊ မိန်းကလေးများသည် အသက် ခုနစ်နှစ်အရွယ်ကျော်လျှင် ဦးခေါင်းတုံးပြီးနောက် စာပေသင်ကြားရန် ဘုန်းတော်ကြီးကျောင်းများသို့ သွားကြရကြောင်း၊ ၎င်းတို့ အသက်နှစ်ဆယ်ကျော်သည့်အခါ သာသနာ့ဘောင်သို့ မဝင်ရောက်နိုင်လျှင် ဆံပင်အရှည်ထားပြီးနောက် အိမ်သို့ပြန်နေကြရကြောင်း၊ မြို့နေအားလုံးတို့သည် လူ့အသက်သတ်ခြင်းကို ရှောင်ကျဉ်ကြကြောင်း၊ ပိုးထည်ကိုမဝတ်ဆင်ကြကြောင်း၊ ရွှေဒင်္ဂါး ငွေဒင်္ဂါးများကို သွန်းလုပ်နိုင်ကြကြောင်း၊ မြို့ဝင်ဂိတ်၏ အခြားတစ်ဖက်တွင် ပေတစ်ရာကျော်ခန့်မြင့်မားသည် စကျင်ကျောက်သားဗုဒ္ဓဆင်းတုတော်ကြီးကို တည်ထားကိုးကွယ်ကြကြောင်း၊ တရားရင်ဆိုင်ကြသူများသည် ထိုဆင်းတုတော်ကြီးရှေ့မှောက်၌ သစ္စာပြုကြရကြောင်း··· စသည် စသည်တို့ကို ဖော်ပြမှတ်တမ်းတင်ထားပါသည်၊ ဤမှတ်တမ်းကို ထောက်ရှုလျှင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၏ သင်ကြားမှုဖြင့် ထိုခေတ်က လူများသည် ပါဠိဘာသာစကားကို လေ့လာသင်ယူနေကြပြီဖြစ်ကြောင်း ကောက်ချက်ချနိုင်ပါသည်။

According to historical record of Chinese Htan dynasty, it is stated that the capital of Pyu had 12 gates; there were Cetis at the four corners of the capital, the wall of the capital were constructed with the glazed bricks; there were over ten-thousand houses and there were over one hundred Buddhist monasteries decorated with red and yellow colours; young boys and girls who came to the age of seven had to go monastic schools for learning with their heads-shaven; when they came to age of twenty, if they were unable to inter the holy life, they had to come back home with long hairs; all the people had to avoid killing any sentient beings; they did not use silk wears; they could manage to cast gold and silver coins; at the other side of the main gate, a huge white 'alabaster Buddha image with over one hundred feet in height was erected and those other were in a law-suit had to make a vow before the Buddha image, etc. etc. With the reference to this record, it can be deduced that those people in

that age studied Pali language under the guidance of Buddhist monks.)

သာသနာတော်နှစ် ၉ ရာစုခန့်(AD-သုံးရာစုခန့်)တွင် အရှင်ဗုဒ္ဓဃောသမထေရ်မြတ်သည် ရေကြောင်းခရီးဖြင့် ပိဋကပါဠိကျောက်စာတို့ကို သထုံသို့သယ်ဆောင်ခဲ့သောကြောင့် အရှင်သောဏနှင့်အရှင်ဥတ္တရတို့ သုဝဏ္ဏဘူမိ(သထုံ)သို့ ကြွရောက်ခဲ့ကြပြီးနောက် ထိုဒေသရှိ လူများသည် ပါဠိတော်မှခပါဠ်များကို သင်ယူမှတ်သားနေကြပြီးဖြစ်ကြောင်း ဝိမုတ္တိမဂ္ဂကျမ်းနှင့် သာသနာလင်္ကာရတို့တွင် ဖော်ပြထားပါသည်။

It is state in teh Vimuttimagga and Sasanalinkara that... after the arrival of Ven.sona and Ven.Uttara at Suvanbumi(Thahton) the people in those areas might have to do with the study of sacred pali language because about 900 sasana era (about three hundred AD) Ven. Buddhaghosa brought pitaka Pali text to Thahton by waterway.

**ဦးအောင်သိန်းညွန့်**

**U Aung Thein Nyunt**

**စာမျက်နှာ(၃၆)မှအဆက်**

မေတ္တာသုတ်တော်၌ "ကုလေသုအနနုဂိဒ္ဓေါ ဘယ်လူမျိုးကိုမှ ငဲ့ကွက်တွယ်တာမှုမပြုရ။ ကိုယ်စားမပြုရ" ဟု ဆိုထားပါသည်။ ရိုးရိုးသာမန်မေတ္တာပွားသူများအတွက်ပင် ထိုကဲ့သို့ ဆိုထားပါလျှင် တစ်ကမ္ဘာလုံးကို သာသနာပြုမည့် ဓမ္မကိုယ်စားလှယ် မေတ္တာစစ်သည်တော်များ ဆင်ခြင်သုံးသပ်ဖို့ အချိန်တန်ပါပြီ။

လူမျိုးမပျောက်ဖို့က အရေးကြီးပါသည်။ မှန်ပါသည်။ ထိုကိစ္စကို လောကလူတွေ ၃၈-ဖြာ မင်္ဂလာတရားနဲ့ရှက်ဆောင်လို့ ဆောင်ရွက်ကြပါလိမ့်မည်။ လမ်းညွှန်ဖို့သာ ဆရာတွေရဲ့ တာဝန်ပါ။

သာသနာပြုရေးနှင့် သာသနာကာကွယ်ရေးတွင် သာသနာပြုရေးက ဆရာတို့နှင့် သက်ဆိုင်ပြီး သာသနာကာကွယ်ရေးက ဒကာတို့နှင့် ဆိုင်ပါသည်။ သာသနာပြုသူက ကာကွယ်ရေး ပါဝင်လုပ်လျှင် ကိုးကွယ်ခံနေရာမှ တန်းတူအမြင်မျိုးတွေ အကြည့်ခံလာနိုင်သည်။ ကြည့်လည်း ကြည့်ကုန်ကြပြီမို့ မြင့်သောနေရာက မြတ်သောအကျင့်ကိုသာ မြန်မြန်ကျင့်ဆောင်ကြပါဟု ပညာရှိတွေအတွက် သတိဖြစ်ခဲ့နှင့် အညီ ဆို[illegible]က်ချင်တော့၏။

**ကိုအေးမင်း(ပဲခူး)**

# ပြည်တွင်းသာသနာရေး သတင်းမှတ်တမ်း

လေမင်း

အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း စာအောင်ဆုနှင်းသဘင်ကျင်းပခြင်း



သာသနာရေးဝန်ကြီးဌာန(၂၃)ကြိမ်မြောက် အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းစာအောင်ဆုနှင်းသဘင် အခမ်းအနားကို ဇန်နဝါရီလ ၁၀ရက်နေ့ နံနက် ၈နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုသလထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဩဝါဒကထာနာယူသည်။ ထို့နောက် သင်တန်းမှူးဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါယမသာရက သင်တန်းများနှင့် စပ်လျဉ်း၍ လျှောက်ထားပြီးနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော အလှူရှင်များက ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စာအောင်ပုဂ္ဂိုလ်များအား ဆုတံဆိပ်များနှင့် အောင်လက်မှတ်များ ချီးမြှင့်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စာအောင်ပုဂ္ဂိုလ်များအား ဂုဏ်ပြုအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

## မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ စစ်တောင်းစံပြကျေးရွာဆံတော်ရှင် ကျိုက်ကလွန်ပွန်း စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားကျင်းပခြင်း။



မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ စစ်တောင်းစံပြကျေးရွာ ဆံတော်ရှင် ကျိုက္ကလွန်ပွန်း စေတီတော်ရွှေထီးတော်တင်လှူပွဲအခမ်းအနားကို ၂၀၁၆-ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက် နံနက် (၉း၀၀)နာရီအချိန်တွင် စေတီတော်ရင်ပြင်၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဒွိပိဋကဓရဘဒ္ဒန္တဇာဂရာဘိဝံသ၊ မွန်ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ၊ ဒီဃနိကာယကောဝိဒ ဘဒ္ဒန္တကောသလ္လ၊ ကျိုက်ထီးဆောင်း သာသနာပြုအကျိုးတော်ဆောင်ချုပ်ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တနာဂဒီပ အမှူးရှိသော ပင့်သံဃာတော်(၅၇)ပါး ကြွရောက်ချီးမြှင့်တော်မူပြီး၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်နှင့် တာဝန်ရှိသူများ အလှူ့ရှင်ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဦးခင်ရွှေနှင့် မိသားစုဝင်များ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် မွန်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်က ငါးပါးသီလချီးမြှင့်ခြင်း၊ ပင့်သံဃာအရှင်သူမြတ်တို့က ပရိတ်တရားတော်များ ချီးမြှင့်ခြင်း၊



ရန်ကုန်မြို့၊ ကလေး၀တောရပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဒွိပိဋကဓရ ဘဒ္ဒန္တဇာဂရာဘိဝံသက သြ၀ါဒကထာချီးမြှင့်ခြင်း၊ ကျိုက်ထီးဆောင်းအကျိုးတော်ဆောင်ချုပ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂဒီပက ရွှေထီးတော်စီမံဆောင်ရွက်ထားမှုများရှင်းလင်းခြင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌအဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ၀ဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံပူဇော်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားပြီး စိန်ဖူးတော်၊ ငှက်မြက်နားတော်နှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းရာ ထိုင်းနိုင်ငံမှ အလှူရှင်မစ္စတာချက်ချိုင်းနှင့်ဇနီး စုရာဝမ်တို့မှ အမေရိကန်ဒေါ်လာ(၅၀၀၀)ကိုလည်းကောင်း၊ အလှူရှင်ဒေါက်တာ ခင်ရွှေမိသားစုမှ သံဃာတော်တစ်ပါးလျှင် ရေခဲသေတ္တာတစ်လုံးစီကိုလည်းကောင်း အသီးသီးလှူဒါန်းကြပါသည်။

ထို့နောက် အခမ်းအနားမှူး ဦးစံသင်းလှိုင်က တိပိဋကဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တကုဏ္ဍလပါလရေးသားပူဇော်အပ်သော ရွှေထီးတော်တင်ဂါထာတော်ကို ရွတ်ဆိုပူဇော်ပြီး တိပိဋကဆရာတော်ဘဒ္ဒန္တကုဏ္ဍလပါလက လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်ချ တရားချီးမြှင့်ခဲ့ပါသည်။

## သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတွင် ထုတ်ဝေရောင်းချလျက်ရှိသော မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

| No | Name of Book |
|---|---|
| 1. | How to Live As a Good Buddhist Vol.I |
| 2. | How to Live As a Good Buddhist Vol.II |
| 3. | Teaching of the Buddha(Higher Vol.I) |
| 4. | Teaching of the Buddha (Higher Vol.II) |
| 5. | Ekaka Duka |
| 6. | Dhammapada (Thick) |
| 7. | Dhammapada (Thin) |
| 8. | Intro Dhammasaṅgaṇī |
| 9. | Dhammasaṅgaṇī |
| 10. | Mahāsatipaṭṭhāna |
| 11. | Mahāvagga saṁyutta |
| 12. | Uparipaṇṇāsa |
| 13. | Nidāna Saṁyutta |
| 14. | Khandhvagga Saṁyutta |
| 15. | The Nine Attributes of the Buddha |
| 16. | ဝိပဿနာကတ်သုံးပုံ CD ရှိန် |
| 17. | Buddhism Hand Book |
| 18. | Pārājika Pāḷi |
| 19. | Mūlapaṇṇāsa |
| 20. | Basic Principle |

## သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတွင် ထုတ်ဝေရောင်းချလျက်ရှိသော မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

**No** **Name of Book**

၁. ဗုဒ္ဓဘာသာကောင်းတစ်ယောက်
၂. သဒ္ဓမ္မဇောတိကပဋ္ဌာန်း
၃. သဒ္ဓမ္မဇောတိက အဘိဓမ္မာ
၄. သဒ္ဓမ္မဇောတိက ပဋိစ္စသမုပ္ပါဒ်
၅. ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ
၆. ကပ္ပိယကောင်းတစ်ယောက်
၇. အလှူဒါနအမျိုးမျိုး
၈. သီလ(သို့) ကိုယ်ကျင့်တရား
၉. ဂုဏ်တော်(မြန်မာ)
၁၀. အမရပူရ
၁၁. သာသနာပြုအခြေခံကိုယ်ကျင့်တရား
၁၂. ဂေါပကနှင့်ဗုဒ္ဓဘဏ္ဍာတော်
၁၃. ဘဝတန်ဖိုးမြှင့်သြဝါဒကထာ
၁၄. အလိမ္မာပျိုးခင်း
၁၅. အမျိုးသားယဉ်ကျေးမှု
၁၆. ပေစာကျမ်းလာ မြန်မာ့ဆေးပညာ
၁၇. သပ္ပုရိသဝတ်ရွတ်စဉ်
၁၈. ဗုဒ္ဓနှင့် ပြဟ္မဏ(ပုဏ္ဏား)တို့၏ လောကသဘာဝပြဿနာများ တွေ့ဆုံဆွေးနွေးမှု
၁၉. ဗုဒ္ဓဂေါတမနှင့် ဆွေတော်မျိုးတော်တို့၏ လောကဓမ္မပြဿနာဖြေရှင်းနည်း

ACA

ပညာရိပ်ငြိမ်

Since 1983

# ကိုယ်ပိုင်အထက်တန်းကျောင်း

မှတ်ပုံတင်အမှတ်-ကက-၁၃/၁၂/၀၀၉

http://www.aca-educentre.com




ခြံအမှတ် ၃၂၇/၁၊ မုဒိတာရင်ပြင်၊ ဥက္ကာ(၅)လမ်း၊ ဂ/ရပ်ကွက်၊ ဆေးတက္ကသိုလ်(၂)ရှေ့၊ မြောက်ဥက္ကလာပမြို့။

Ph : 691123, 691979, 09 73242687, 09 5057071, 09 73019477